ညောင်ပင်သာကျေးရွာ

သပိတ်ကျင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်သာကျေးရွာ၊ သပိတ်ကျင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ညောင်ပင်သာကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သပိတ်ကျင်းမြို့နယ်	၇
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	**၈**
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	**၈**
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	
(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	**၉**
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	**၁၀**
(က) လူဦးရေဆိုင်ရာအချက်လက်များ	
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေး နှင့် အာဟာရ	
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ	**၁၂**
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး	
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	**၁၇**
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ ၃၂

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂

(၁) ညောင်ပင်သာကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၇

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ

ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၀

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၁

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါ ဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်သာကျေးရွာ၊
သပိတ်ကျင်းမြို့နယ်။

ညောင်ပင်သာကျေးရွာအခြေပြမြေပုံ၊ သပိတ်ကျင်းမြို့နယ်



အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြု မိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပုံအပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရ အဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ် သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန် ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်း များထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း မှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိ ကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်း များကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။ ကျေးရွာသည် မန္တလေး၊ မိုးကုတ်လမ်းပေါ်တွင် တည်ရှိပါသည်။ သပိတ်ကျင်းမြို့နယ်၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိပြီး၊

သပိတ်ကျင်းမြို့မှ ၁၁ မိုင် ခန့်၊ ဇရပ်ကွင်းမှ ၅ မိုင်၊ မန္တလေးမြို့မှ ၈၀ မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာသည် ရှမ်းပြည်နယ် မြောက်ပိုင်းအစပ်မှာရှိ၍ ယေဘုယျအားဖြင့် အပူအအေးမျှတသော ရာသီဥတု ရှိပါသည်။ မြို့နယ်တွင် ရွာ သွန်း မြဲမိုးရေချိန်သည် ၄၄ လက်မဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုမှာ ပုံမှန်အားဖြင့် မိုးရွာရက် ၄၁ ရက် ရွာသွန်းပါသည်။ ၂၀၁၀ခုနှစ်စာရင်းအရ မြို့နယ်၏ အမြင့်ဆုံးပျမ်းမျှ အပူချိန် ၃၀.၁ ဒီဂရီ စင်တီဂရိတ် ရှိပြီး၊ အနိမ့်ဆုံးပျမ်းမျှ အပူချိန်သည် ၂၄.၂ ဒီဂရီ စင်တီဂရိတ် ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ ကျေးရွာအနီးတွင် သစ်တောကြိုးဝိုင်းရှိပါသည်။ မြေဆီ မြေဩဇာ ကောင်းမွန်သော လယ်ယာ၊ ဥယျာဉ်ခြံ မြေများရှိပါသည်။ ညောင်ပင်သာချောင်းရေကို စိုက်ပျိုးရရှိစိုက်ပျိုးနိုင်သကဲ့သို့ ကျေးရွာတွင် သောက်သုံးရေအတွက် သဘာဝစိမ့်စမ်းရေ ထွက်ရှိပါသည်။ ၎င်းစိမ့်စမ်းရေ ကို သောက်ရေသန့်အဖြစ်ပင် ထုတ်လုပ်နိုင်ပါသည်။ ကျေးရွာအနီးတွင်ရှိသော ဇနီး ချောင်းတွင် နီလာကျောက်မျက် တူးဖော်ရရှိနိုင်ပါသည်။ ကျေးရွာဝန်းကျင်ရှိ၊ တောတောင်များတွင် ပရဆေးပင်များဖြစ်သည့် တပင်တိုင် မြနန်း၊ ဆင်တုံးမန္တယ်၊ တပင်ရွေထီး၊ နန္ဒင်းခါး၊ ဝံအူ၊ ပဒဲကော၊ ရုံဂါး၊ တောထန်း၊ ဆေးခါးကြီးစသည့် ပရဆေးပင်များ နှင့် ဝဉ်များကို ပိုးဖာန္တယ်ကျေးရွာ၊ ခုနှစ်မိုင် ကျေးရွာ နှင့် ဇရပ်ကွင်းကျေးရွာများသည် ထုတ်လုပ်ရောင်းချကြပါသည်။ သစ်ခွမျိုးစိတ်များ ရှိသော်လည်း ယခုအခါ သစ်ခွမျိုးစိတ် များရှားပါးလာပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ကျေးရွာတွင် မိသားစု (၁၂၆) စုရှိပြီး လူဦးရေ စုစုပေါင်း (၅၃၂) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင်(၄.၂) ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ် နိုင် သော လူဦးရေ (၆၇.၇%) ရှိပြီး၊ လူဦးရေ စုစုပေါင်း (၂၃.၃%) သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာသည် လယ်ယာဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းကိုအဓိကလုပ်ကိုင်ကြပြီး၊ ကျေးရွာအိမ်ထောင်စု၏ (၈၄.၉%) ရှိပါသည်။ အခြား အိမ်ထောင်စုများသည် ရွှေလုပ်ငန်း၊ ကျောက်မျက်ရှာဖွေခြင်း၊ သစ်ဝါးခုတ်၊ မျှစ်ချိုးစသော ကြုံရာ ကျပန်းလုပ်ငန်းများကို အဓိကလုပ်ကိုင် ကြပါသည်။ အိမ်ထောင်စု၏(၄၂.၈%)နှုန်းမှာ အဆင် ပြေသော အိမ်ထောင်စုများဖြစ်ပြီး၊ ၎င်း အိမ်ထောင်စုများသည် စိုက်ပျိုးမြေဧက(၁၀ ဧကမှ ၂၀) ဧကခန့် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံး ရေစုပ်စက်၊ မြတ်ရိတ်စက်များပိုင်ဆိုင်ပြီး၊ ကျွဲ ၊ နွားများ ကို လုပ်ငန်းသုံးရန် မွေးမြူကြသည်။ ဒေသထွက် ဥယျာဉ်ခြံ သီးနှံများ ရောင်းဝယ်ခြင်းနှင့် အခြား ငွေကြေးနှင့် ရင်းနှီးလုပ်သော လုပ်ငန်းများပါ လုပ်ကိုင်ကြသည်။ အခြားဆင်းရဲသော အိမ်ထောင်စု များသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ (၅) ဧကအောက် ပိုင်ဆိုင်သည့် တောင်သူငယ်များ၊ ကျပန်း အလုပ်သမားများ ဖြစ်ကြပါသည်။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။ ။ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ စစ်တမ်းကောက်ယူခြင်းအရ အဆင့် ၂ဆင့်လုံးရှိ အိမ်ထောင်စု များသည် နပ်ကျော် စားခြင်း၊ လျှော့စားခြင်း၊ အခြားအစားအစာကို ပြောင်းလဲစားသုံးခြင်းမရှိကြဘဲ ပုံမှန် ၃ နပ်ပြည့် အောင်စားနိုင်ကြပါသည်။ နမူနာအိမ်ထောင်စုအများစုသည် အကြွေးမယူ၊ မချေးမငှားဘဲ ၆ လမှ ၁၂ လအထိ စားသောက်နိုင်ကြပါသည်။ အိမ်ထောင်စု၏ ၆.၆ % သည်

တစ်ရက်စာမျှ ဂမ်းစာ သိုလှောင်မှုမလုပ်နိုင်ကြပါ။ ၎င်းအတူ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၆.၆% သည်လည်း ၁ရက်စာ နှင့် ၂ ရက်မှ ၇ ရက် အထိ သာ ဂမ်းစာသိုလှောင်နိုင်ကြပါသည်။ ကောက်ယူခဲ့သော အိမ်ထောင်စု၏ ၅၃.၃% သည် ၈ ရက်မှ ၃၀ ရက်စာ သိုလှောင်နိုင်ကြပြီး၊ ၂၆.၆% သော အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများသည် ၁ လကျော်စာ သိုလှောင် နိုင်ကြပါသည်။ အိမ်ထောင်စုအများစုသည် အကြွေးမြီ မကင်းကြပါ။ အနည်းဆုံး ၆သောင်း မှ အများဆုံး ၁၀ သိန်း အထိ ရှိကြပါသည်။

ကျေးရွာမှ အမျိုးသမီးဦးခေါင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့ကျပန်း မိသားစုများနှင့် တောင်သူငယ်မိသားစုများသည် ရာသီဥတုမမှန်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ ကုန်ဈေးနှုန်း မတည်ငြိမ်ခြင်း၊ ကျပန်းအလုပ်ပုံမှန်မရှိခြင်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများကိုလုပ်ဆောင်ရန် နည်းပညာနှင့် အရင်းအနှီးမရှိခြင်းတို့ကြောင့် စားဝတ်နေရေး အခက်အခဲများကို ကြုံတွေ့ရပါသည်။ ကျေးရွာရှိ လူငယ်နှင့် လူလတ်ပိုင်း အမျိုးသား၊ အမျိုးသမီးများသည် ကျေက်မျက်လုပ်ငန်း၊ ရွှေတူးလုပ်ငန်းနှင့် ကြုံရကျပန်း အလုပ်များကို လုပ်ကိုင်ရန် (ဖားကန့်၊ တနိုင်း၊ ရမည်းသင်း၊ တောင်ကြီး) ဒေသများသို့ နှစ်ရှည်လများစွာ သွားရောက်လုပ်ကိုင်ကြ၍ လူငယ်၊ လူလတ်ပိုင်းများသည် ခုခံအားကျဆင်းမှုရောဂါကူးစက်ခံရမှု၊ မူးယစ်ဆေးဝါး၊ ကူးစက်ရောဂါနှင့် လူမှောင်ခိုကုန်ကူးခြင်းခံရနိုင်မှု အန္တရာယ်အနည်းငယ် ရှိနိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာတွင် ရာသီအကူးအပြောင်းများတွင် ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးများသာ အဖြစ်များပါသည်။ ကွင်းဆင်း လေ့လာချက်အရ ကျေးရွာသူ/သားများသည် ယေဘုယျ အား ဖြင့် အာဟာရပြည့်ဝကြပါသည်။ သို့သော် အာဟာရ ပြည့်ဝမှုကို လေ့လာရန် အချိန်ပေးလုပ်ဆောင်ရန် လိုအပ်ပါမည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။ ကျေးရွာတွင် စာမတတ်သူ တစ်ယောက်မျှ မရှိဘဲ၊ အများစုသည် (၇၁.၉%) အခြေခံ မူလတန်း အောင်မြင်ပြီးသူများ ဖြစ်ကြပါသည်။ အလယ်တန်းပြီးစီးသူ (၁၉.၈%) ရှိပြီး၊ အထက်တန်း၊ တက္ကသိုလ်တက်ရောက်ပြီးစီးသူသည် ရာခိုင်နှုန်းအား ဖြင့် နည်းပါသည်။ ကျေးရွာတွင် (၅-၉) နှစ်ရွယ် ကလေးများအားလုံး ကျေးရွာ မူလတန်းကျောင်းတွင် တက်ရောက်နေကြပါသည်။ ကျေးရွာမှ အလယ်တန်း တက်ရောက်နေသောကျောင်းသား/သူ ကျား (၁၁)ဦးနှင့် မ (၁၉) ဦးရှိပြီး ဝါးဖြူတောင် အထက်တန်းကျောင်းတွင် တက်ရောက်နေပါသည်။ အထက်တန်းတက်ရောက်နေသူ(၁၁)ဦးရှိပြီး ဇရပ်ကွင်းနှင့် ဝါးဖြူတောင်အထက်တန်းကျောင်းတို့တွင်တက်ရောက်နေကြပါသည်။ တက္ကသိုလ် တက်ရောက်နေသူ ၅ ဦးရှိပြီး မန္တလေး ရတနာပုံ တက္ကသိုလ်တို့တွင် တက်ရောက် ပညာသင်ကြား နေကြပါသည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ စသော ကျေးရွာတွင်း အသက်မွေးဂမ်းကျောင်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင် အလုပ်သမားများရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။ လူဦးရေဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီး၊ အမျိုးသားများ ပါဝင်မှုသည် ကွာခြားမှု ကျဉ်းမြောင်းပါ သည်။ ထို့အပြင် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးပါဝင်မှု များပါသည်။ သို့သော် ကျေးရွာစီမံ ခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီး ပါဝင်မှု မတွေ့ရပေ။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာတွင် ဘာသာရေး၊ သာရေးနာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်နေသော ကျေးရွာအခြေပြုအဖွဲ့အစည်း ၉ ဖွဲ့ရှိပါသည်။ ကျေးရွာလူမှုရေးအဖွဲ့၊ သမချေးငွေ အရံမီးသတ်အဖွဲ့ နှင့် မြစိမ်းရောင် ချေးငွေအဖွဲ့ များတွင် အမျိုးသမီး၊ အမျိုးသားလူလတ်ပိုင်း အများစုဖြင့် ဖွဲ့စည်းထားသောကြောင့် အဖွဲ့ဝင်များသည် အဖွဲ့တာဝန်များကို တာဝန်သိမှု၊ တာဝန်ယူမှုများရှိပြီး လုပ်ငန်း ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နေပါသည်။ ၎င်းအပြင် အဖွဲ့ဝင်များသည် လုပ်ငန်းသတ်သတ်မှတ်မှတ် ရှိ နေ ခြင်း၊ အမှန်တကယ် အဖွဲ့၏လုပ်ငန်းပေါ်တွင် စိတ်ဝင်စားခြင်း၊ ပရဟိတစိတ်ရှိခြင်း စသောအချက်များကြောင့် အသင်အတင့် လုပ်ဆောင်မှုကောင်းပါသည်။ အခြားအဖွဲ့များသည် အဖွဲ့တစ်ဖွဲ့ချင်းအလိုက် လုပ်ဆောင်ခြင်းမှာပင် အဖွဲဝင်တစ်ဦးချင်း တာဝန်ယူမှု၊ တာဝန်ခွဲဝေမှုများ အားနည်းပါသေးသည်။ ဖွဲ့စည်းပုံသာရှိနေခြင်း၊ လုပ်ငန်းတာဝန်များကို တိတိကျကျ မဖော်ပြထားခြင်း၊ ဆွေးနွေးတိုင်ပင်မှုနည်းပါးခြင်း၊ စိတ်ဝင်စားမှုမရှိဘဲ အမည်နံမည်ပါ၍သာ ဝင်ရောက် လုပ်ကိုင်နေခြင်း စသော အချက်များကြောင့် လုပ်ငန်းဆောင်ရွက်မှုများ အားနည်းပါသည်။ လုပ်ငန်းများ လိုအပ်ချက်အရ ကျေးရွာလူထုအနေဖြင့်သာပူးပေါင်းဆောင်ရွက်ကြပြီး အဖွဲ့အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှု အားနည်းပါသည်။ ထို့ကြောင့် ကျေးရွာမှ လုပ်ငန်းစဉ်အလိုက် ဖွဲ့စည်းထားသော လုပ်ငန်း အကျိုးဆောင်အဖွဲ့များသည် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစွမ်းရည်မြင့်တင်ရေးဆိုင်ရာ ဗဟုသုတများ ရှာမှီးရန် လိုအပ် ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီမြေဩဇာကောင်းမွန်သောမြေများဖြစ်ပါသည်။ ကျေးရွာတွင် လယ်မြေဧက (၂၁.၆၄) ဧကသာရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် ပဲစဉ်းငုံ၊ ဆီစားကြက်ဆူ၊ စီပီပြောင်း(အစေ့ထုတ်ပြောင်း)နှင့် ဥယျာဉ်ခြံသီးနှံ (ငှက်ပျော၊ သံပုရာ၊ ဂရိတ်ဖရု၊ လိမ္မော်) စသည့် သီးနှံများကို အဓိက စိုက်ပျိုးပါသည်။ ဖူးစားပြောင်း၊ ဟင်းစားပဲတို့ကို အနည်းငယ် သီးသျှပ် စိုက်ပျိုးပြီး၊ ကြယ်ပဲ ၊ နဂါးမောက်သီးနှင့် ရာဘာပင်တို့ကို စမ်းသပ်စိုက်ပျိုးနေပါသည်။ ဥယျာဉ်ခြံသီးနှံများအတွက် ဇနီးချောင်းနှင့် ညောင်ပင်သာချောင်းတို့မှ စိုက်ပျိုးရေရရှိစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာ၏ မြေဇရိယာပိုင်ဖြစ်သော ဖက်ရှည်ကွင်း၊ အင်ကြင်းကွင်းနှင့် ကျောက်ဖျာကွင်းများတွင် ပြင်ပမှ လာရောက်ပြီး စိန်တလုံးသရက်၊ သစ်မွေးနှင့် နံ့သာနီပင်များကို ဧက(၃၀၀)ခန့် စိုက်ပျိုးလျှက်ရှိပါသည်။ အပင်ဖြစ်ထွန်းပြီး စိန်တလုံးသရက်သည် အသီးထုတ်လုပ်ရောင်းချသည်အထိ အောင်မြင်မှုရှိပါသည်။ ကျေးရွာရှိ တောင်သူအများစုသည် ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါ ကျရောက်ခြင်းကို ကောင်းစွာ ခွဲခြားမသိခြင်းနှင့် ပိုးသတ်ဆေး များကို စနစ်တကျနှင့် သုံးစွဲနိုင်မှု အားနည်းသောကြောင့် အပင်များဆေးလောင်ပြီး၊ ပျက်စီးခြင်းနှင့် ပိုးကျရောက်ခြင်းကို ကောင်းစွာမနှိမ်နှင်းနိုင်ခြင်းတို့ကြောင့်သီးနှံများပျက်စီးပြီး အထွက်နှုန်းလျော့နည်းခြင်းကို နှစ်စဉ်ကြုံတွေ့ရပါသည်။သက်ဆိုင်ရာဌာနမှ စပါးသီးနှံအတွက်တိုးရန် စပါးစိုက်ပျိုးနည်းစနစ်များ ပံ့ပိုးသော်လည်း ကျေးရွာ၏ အဓိကစိုက်ပျိုးသည့် စိုက်ပျိုးသီးနှံများနှင့် ပါတ်သက်သည့် စိုက်ပျိုးရေးနည်းပညာပံ့ပိုးမှု မရရှိကြပါ။

ထို့အပြင် စိုက်ပျိုးမြေများသည် တောင်ကုန်း၊ တောင်စောင်းများနှင့် လျှိုမြောင်များတွင် တည်ရှိသောကြောင့် မြေဆီလွှာ တိုက်စားပျက်စီးမှုများသောကြောင့် သီးနှံအထွက်နှုန်း ကျဆင်းပါသည်။ ထို့ကြောင့် တောင်သူများကို ယာသီးနှံ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးရေး နည်းပညာရရှိရန် ချိတ်ဆက်ခြင်းနှင့် ပိုးမွှားရောဂါနှင့် မြေဆီလွှာထိန်းသိမ်းခြင်း နည်းပညာများရရှိရန်နှင့် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမှီနိုင်ရန် ချိတ်ဆက် ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။

ကျေးရွာအိမ်ထောင်စုများသည် မွေးမြူရေးကို စိတ်ဝင်စားမှု နည်းပါးကြပါသည်။ ကျွဲ၊ နွားများကို လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်အတွက်သာ မွေးမြူကြပါသည်။ ဝက်များကို မိရိုးဖလာ ကိုးကွယ် ယုံကြည်မှုအရ မွေးမြူကြခြင်းမရှိဘဲ ကြက်ကို စားသုံးရန်အတွက် အနည်းငယ် မွေးမြူကြပါသည်။ ကျေးရွာတွင် ပြောင်းစိုက်ကြ၍ မွေးမြူသော ကျွဲနှင့်နွားအတွက် အစာလက်လှမ်းမီမှု ရှိပါသည်။ ကျေးရွာသားများသည် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူရန် စိတ်ဝင်စားမှု မရှိပေ။ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပေါ်ပင်လုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားမှု အားနည်းကြသည်။ ကျေးရွာတွင် တိရိစ္ဆာန်မွေးမြူရေးအတွက် နှစ်စဉ်လိုရောဂါကျရောက်မှုရှိပါသည်။ ကျွဲနွားများမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲနာ၊ ခါတ်ချုပ်နှင့် အသည်းပိုးရောဂါများ ကျရောက်တတ်ပါသည်။ ကျွဲ၊ နွားများကို ပုံမှန် ကာကွယ်ဆေးထိုးလေ့မရှိဘဲ မြို့နယ်တိမွေးကုဉီးစီးဌာနမှ ပုံမှန်လာရောက်မှုမရှိပေ။ ကျွဲနွားများသည် အအေးပိုသော ဆောင်းတွင်းကာလများတွင် ရောဂါဖြစ်ပွားပါသည်။ ကျွဲနွားများအတွက် မိမိပိုင် ဥယျာဉ်ခြံတွင် လှုန်ကျောင်း၍ရသော်လည်း လွတ်ကျောင်းရန် စားကျက်များ ရှားပါးလာပြီ ဖြစ်ပါသည်။ ကျေးရွာသားများသည် တိရစ္ဆာန် ကာကွယ်ဆေးထိုးခြင်းနှင့် ပါတ်သက်ပြီး အသိပညာများရှိလာပြီ ဖြစ်သော်လည်း မွေးမြူရေးနှင့် ပါတ်သက်ပြီး နည်းပညာနှင့် ကာကွယ်ဆေးလက်လှမ်းမီမှုမှာ အားနည်းနေပါသေးသည်။ ကျေးရွာသားများအား မွေးမြူရေးနည်းပညာနှင့် ရောဂါကျရောက်မှုကို ကာကွယ်ရန် လက်လှမ်းမီမှု ရှိလာလျှင် တစ်ပိုင် တစ်နိုင် မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်သည်ကို နည်းပညာသင်တန်းများ ပို့ချခြင်းအားဖြင့် သိရှိပြီး လုပ်ကိုင်လာနိုင်ပါက မိသားစုများ၏ စီးပွားရေးများ တိုးတက်လာမည် ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။ ကျေးရွာတွင် အမျိုးမျိုးသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများရှိပါသည်။ သစ်ဝါးခုတ်ခြင်း၊ မျှစ်ချိုးခြင်း၊ မီးသွေးခြင်းစသော သဘာဝ အရင်းအမြစ်များ ထုတ်ယူခြင်း၊ မျှစ်ချဉ်လုပ်ငန်း၊ ဝါးတူလုပ်ငန်း၊ တောင်း၊ ထရံယက် လုပ်ငန်းများတွင် များစွာ မှီခိုလုပ်ကိုင်နေကြပါသည်။ ၎င်းလုပ်ငန်းများထဲမှ မျှစ်ချဉ်လုပ်ငန်း၊ သစ်ဝါးအခြေခံလုပ်ငန်းများ အလားအလာရှိပါသည်။ ထို့အပြင် ကျေးရွာတွင် ဒေသထွက် ဥယျာဉ်ခြံသီးနှံများကို အဆင်မြင့်ယိုလုပ်ငန်းနှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ပါက တောင်သူများ သီးနှံဈေးကွက် ကောင်းပြီး ကျပန်းမိသားစုများ အတွက် ကိုယ်ပိုင်ဝင်ငွေရ လုပ်ငန်းများကို လုပ်ကိုင်နိုင်ပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ပါသည်။ ဝါးကို အခြေခံပြုလုပ်သော လုပ်ငန်းနည်းပညာများ၊ အဆင်မြင့် သီးစုံယိုလုပ်ငန်းများ၊ ငှက်ပျော်ကြော်လုပ်ငန်းနှင့် မျှစ်ချဉ်၊ မျှစ်ခြောက်များကို စနစ်တကျတံဆိပ်ကပ် ထုတ်လုပ်နိုင်သည့် နည်းပညာများ ရရှိအောင် ဆောက်ရွက်ပေးရန်လိုအပ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ ကျေးရွာရှိ စိုက်ပျိုးမြေ အများစုသည် တောင်ကုန်း၊ တောင်ပေါ်နှင့် လျှိုမြောင်းများတွင်ရှိပြီး မြေဆီလွှာ ထိန်းသိမ်းခြင်းကို စနစ်တကျ မလုပ်နိုင်ခြင်း တို့ကြောင့် မြေဆီမြေလွှာ တိုက်စားပျက်စီးခြင်း များပါသည်။ သီးနှံများ ပိုးမွှားရောဂါ

ကျရောက်ပါက ဓာတုဆေးဝါးများကိုသာ အဓိကသုံးပြီး ဓာတု ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများကို စနစ်တကျ မသုံးတတ်ခြင်း တို့ကြောင့် စိုက်ပျိုးပင်များနှင့် လူများတွင် အန္တရာယ်ကျရောက်ခြင်း အသင့်အတင့် ရှိပါသည်။ ရေထွက်ချောင်းများ၏ အထက်တွင် ကုမ္ပဏီစိုက်ကွက်များ ၎က များစွာ လုပ်ဆောင်ခြင်းကြောင့် သစ်တော ပျက်စီးခြင်းများပြီး ရေထွက်အားဆုတ်လျော့ခြင်းနှင့် ထိုစိုက်ခင်းများမှ စက်များဖြင့် ရေသွယ်စိုက်ပျိုး သောကြောင့် ရေထွက်ချောင်းများ၏ အောက်ပိုင်းတွင်ရှိသော ဒေသခံတောင်သူများ၏ လယ်မြေများတွင် စပါးမစိုက်ပျိုးနိုင်ခြင်းနှင့် ဥယျာဉ်ခြံသီးနှံများတွင် ရေရရှိမှုနည်းလာပြီး အသီးအထွက် နှုန်းလျော့နည်းလာနိုင်သောကြောင့် ထိခိုက်မှု အသင့်အတင့် ရှိပါသည်။ ကျေးရွာအိမ်ထောင်စုများမှ ပလပ်စတစ်များကို ကျေးရွာအနီး သစ်တောနှင့် စိုက်ကွက်များတွင် စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းတို့ လုပ်ဆောင်ပြီး ပိုးသတ်ဆေးဘူးများကိုလည်း စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင် မသန့်ရှင်းမှုနှင့် အပင်နှင့် မြေဆီမြေဩ ထိခိုက်ခြင်းတို့ အသင့်အတင့် ရှိပါသည်။ စီမံခန့်ခွဲမှုအပိုင်းအနေဖြင့် ထူးထူးခြားခြားလုပ်ဆောင်ကြခြင်းမရှိကြ ပါ ။

(c) ဘဏ်လုပ်ငန်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ကျေးရွာတောင်သူများအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ငွေချေးယူရရှိနိုင်ပြီး အဖွဲ့ဝင် (၂၇)ဦး ရှိပါသည်။ ကျေးရွာတွင် လယ်စိုက်၎က နည်းပါးပြီး လယ်စိုက်သူတောင်သူ နည်းပါးသည့်အတွက် လယ်ချေးငွေ မရရှိပေ။ ပုံစံ (၇) ရှိသူ များ သာချေးရ၍ပြီး ချေးငွေ ကာလ (၆)လနှင့် အတိုးနှုန်းမှာ (၅၀)ပြား ဖြစ်ပါသည်။ ချေးငွေရရှိမှုနည်းပါးပြီး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရရန် လုံလောက်သော အရင်းအနှီး မဖြစ်ပေ။ တောင်သူများအတွက် ချေးငွေရရှိသောအချိန်သည် လုပ်ငန်းလုပ်ချိန် မဟုတ်ဘဲ လုပ်ငန်းလိုအပ်ချိန်တွင် ချေးငွေ အခက်အခဲ ရှိနေတတ်ပါသည်။ သမချေးငွေသည် မည်သည့်လုပ်ငန်း လုပ်ကိုင်ရန် အတွက်မဆို ထုတ်ချေးပေးပြီး (၅)ဦးတစ်ဖွဲ့ အာမခံကာ ကော်မတီမှ အာမခံ၍ ငွေထုတ်ချေးပေးပါသည်။ မြစိမ်းရောင်စီမံကိန်းလုပ်ဆောင်ရန် ကော်မတီဖွဲ့စည်းခြင်းနှင့် ဘဏ်ကိုယ်စားလှယ်များ ရွေးချယ်ထားပြီး ဖြစ်ပါသည်။ ကျေးရွာသားများအတွက် အခြားချေးငွေ ရနိုင်သော နေရာများမှာ အပေါင်ဆိုင် ဖြစ်ပါသည်။ ဧရပ်ကွင်း ရွှေအပေါင်ဆိုင်တွင် အတိုး(၃)ကျပ်တိုးဖြင့် ရွှေ အပေါင်ထားကာ ငွေချေးယူနိုင်ပါသည်။ ချေးငွေကာလ သတ်မှတ်ချက်များမရှိဘဲ သုံးလတစ်ကြိမ်အတိုးပေးရပါသည်။ ကျေးရွာတွင် ချေးငွေရရှိသည့် အဖွဲ့များရှိသော်လည်း ချေးငွေရရှိမှုများသည် လုပ်ငန်းလုပ်ကိုင်ရန်အတွက် လုံလောက်သော အရင်းအနှီးမဖြစ်ဘဲ ချေးငွေထုတ်ချေးပေးသော အချိန်နှင့် ပြန်လည်ပေးဆပ်မည့်ကာလကို ပြန်လည်ပြင်ဆင်ပါက ပို၍သင့်လျော်သော ချေးငွေတစ်ရပ်ကို ရရှိမည် ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် အခြေခံ မူလတန်းကျောင်းရှိပြီး၊ ကျေးရွာကလေးများအတွက် မူလတန်းပညာလက်လှမ်းမီမှု ရှိပါသည်။ ကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင်လုံလောက်မှု ရှိပြီး ကျောင်းအရည်အသွေးမှာ ကောင်းမွန်ပါသည်။ သို့သော် ကျောင်းတွင် စာအုပ်များ ထည့်ရန် ဗီရိုနှင့် ဆရာမစားပွဲများ ကျောင်းသား စာရေးခုံများ လိုအပ်နေပါသေးသည်။ ဆရာ/မ ၅ ဦးရှိပြီး လုံလောက်မှုရှိသော်လည်း ဆရာ/မထိုင်သော စားပွဲနှင့် ကုလားထိုင် တစ်လုံးသာရှိပါသည်။ ကလေးများအတွက် စာသင်ခုံလုံလောက်မှု မရှိသေးပေ။ ကျောင်းအိမ်သာမှာ ယိုယွင်းပျက်စီးနေပြီး ကျောင်းအိမ်သာ ဆောက်လုပ်ရန်အတွက် စီစဉ်ပြီး ဖြစ်သည်။ ထို့အပြင် ကျေးရွာကျောင်းတွင် ဆရာမနေအိမ် ဆောက်လုပ်ရန် လိုအပ်ပါသည်။

ကလေးများသည် စနစ်ကျသော ပညာသင်ကြားနည်စနစ် မရရှိသည့်အတွက် ပညာရေး အခြေမခိုင်ဘဲ အလယ်တန်းကျောင်းရောက်လျှင် စာမေးပွဲ ကျရှုံးမှုများပြီး အထက်တန်း တက်ရောက်နိုင်ခြင်း မရှိတော့ပေ။ များသောအားဖြင့် အလယ်တန်းအဆင့်တွင်သာ ကျောင်းထွက်မှုများကြပါသည်။ ကလေးများသည် မူလတန်း အောင်ပြီးလျှင် (၃)မိုင်ဝေးသော ဝါးဖြူတောင် အလယ်တန်းကျောင်းသို့ တက်ရောက် ပညာသင်ကြားနိုင်ပါသည်။ အလယ်တန်းအောင်မြင်ပြီးလျှင် ရွာနှင့် (၅)မိုင်ဝေးသော ဇရပ်ကွင်း အတက်တန်းကျောင်းသို့ တက်ရောက်ရပါသည်။ ဝါးဖြူတောင်သည် ရွာနှင့် (၃)မိုင်ခန့်သာ ဝေးသော်လည်း တောင်တက်တောင်ဆင်းသွားရခြင်း၊ အကွေ့အဝိုက်များခြင်းတို့ကြောင့် ကလေးများ ကိုယ်တိုင် စက်ဘီးနှင့်ကျောင်း မတက်နိုင်ပေ။ ၁၉၉၅ခုနှစ် မတိုင်ခင် အချိန်များတွင် နိုင်ငံတော်ပိုင် အမှတ်(၉)ကျောင်းကား ရှိသော်လည်း နောက်ပိုင်းတွင် ကျောင်းကား မရှိတော့ပေ။ ကလေးများ အတွက် မူလတန်းအောင်မြင်ပြီး အလယ်တန်း အထက်တန်း ပညာတက်ရောက်နိုင်ရန်အတွက် ကျောင်းကားများ စီစဉ်နိုင်လျှင် ပို၍ ကောင်းမွန်သော ပညာအဆင့်ကို လက်လှမ်းမီမည် ဖြစ်ပါသည်။

ကျေးရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာနှင့်(၃)မိုင်ခန့် ဝေးသော ဝါးဖြူတောင် ကျေးလက်ဆေးပေးခန်းတွင် ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူနိုင်သကဲ့သို့ ကျေးရွာ နှင့် (၅) မိုင်ဝေးသော ဇရပ်ကွင်းပုဂ္ဂလိကဆေးခန်းနှင့်လည်း လက်လှမ်းမီမှု ရှိပါသည်။ ထို့အပြင် ကျေးရွာနှင့်(၇)မိုင်ဝေးသော ကြာအင်းစစ်ဆေးရုံနှင့် (၁၁)မိုင်ဝေးသော သပိတ်ကျင်းဆေးရုံတို့နှင့်လည်း တက်ရောက် ကုသမှုခံယူနိုင်ပါသည်။ ဝါးဖြူတောင်ကျေးလက်ဆေးပေးခန်းမှ လစဉ် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကလေးများ ကာကွယ်ဆေးကို သားဖွားဆရာမမှ စောင့်ရှောက်ပေးလေ့ရှိပြီး ကိုယ်အလေးချိန်ခြင်း လိုအပ်သော ဆေးဝါးများကို အခမဲ့ပေးခြင်းများကို လည်း ရရှိကြပါသည်။ ကျေးရွာသားများသည် ယခင်က ငှက်ဖျားရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး ယခုအခါ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းသွားပြီး သွေးလွန်တုပ်ကွေး အနည်းငယ်နှင့် ရာသီတုပ်ကွေးတို့ အဖြစ်များ ကြပါသည်။ ကျန်းမာရေးမကောင်းသည့်အခါ ဇရပ်ကွင်းကျေးရွာ ပုဂ္ဂလိကဆေးခန်းသို့ သွားရောက် ကုသမှု ခံယူကြပါသည်။ ဆေးရုံတက်ကုသလျှင် ကျေးရွာသားများသည် ကြာအင်းစစ်ဆေးရုံသို့ အသွားများကြပြီး ဆေးရုံဝန်ထမ်းများ လုံလောက်မှုရှိပြီး ဆေးဝါးများလည်း လုံလောက်မှုရှိကာ ဝန်ထမ်းများသည် လူနာများအပေါ် စေတနာထားကာ ကျေးရွာသားများ အားထားရသော ဆေးရုံဖြစ် ပါသည်။ နီးစပ်ရာဖြစ်သော ဝါးဖြူတောင်ကျေးလက်ဆေးပေးခန်းနှင့် ကြာအင်းစစ်ဆေးရုံတို့မှ ကျေးရွာသားများအတွက် အနီးဆုံးလက်လှမ်းမီမှုဖြစ်သော်လည်း ဆရာဝန်ပင့်ရန် ခရီးကြန့်ကြာမှုနှင့် ခရီးစရိတ်ကုန်ကျငွေ များမှုတို့ကြောင့် ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှု မဖြစ်နိုင်သေးပေ။ ကျေးရွာတွင် အရံသားဖွားတစ်ဦးရှိပြီး ကိုယ်ဝန်ဆောင်သည်များ မီးဖွားသည့်အခါ အရံသားဖွား နှင့်သာ ကလေးမီးဖွားကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်ပြီး ပြဿနာ ကြီးကြီးမားမား မရှိသော်လည်း ဝန်ဆောင်မှုကို တိုးမြှင့်ပေးပါက ပြည့်စုံသော ကျန်းမာရေး ဝန်ဆောင်မှုကို ရရှိမည် ဖြစ်ပါသည်။

ကျေးရွာတွင် သဘာဝစိမ့်စမ်းရေထွက်များရှိပြီး စိမ့်စမ်းရေကန်(၃)ကန်မှ သောက်ရေသုံးရေ အတွက် နှစ်ပတ်လည်လုံလောက်စွာရရှိပါသည်။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာသုံးစွဲမှုနှင့်ပတ်သက်ကာ ဗဟုသုတရှိကြပြီး တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲကြပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ ကျေးရွာတွင်လှုပ်ရှည်ဆိုင် နှစ်ဆိုင်ရှိပြီး၊ လူငယ်များအတွက် အပန်းဖြေရန်နိုင်သော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက် ရုပ်သံလိုင်းမှလွှင့်သည့် ဘောလုံးပွဲများကို ပုံမှန်ကြည့် ရှု နိုင်ခြင်းမရှိပေ။ ကျေးရွာအရှေ့ဘက်တွင် ဇနီးချောင်း ရေတံခွန်ရှိပြီး ရေတံခွန်တွင် ညနေစောင်း၌ ရေကူး အပန်းဖြေ နိုင်ပါသည်။ ကျေးရွာလူငယ်များသည် ကျေးရွာ၏ သာရေးနာရေး၊ အလှူမင်္ဂလာပွဲ၊ ရှင်ပြုပွဲ၊ ဘာသာရေးပွဲ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ကျေးရွာလူငယ်များ အခန်းကဏ္ဍ တိုးတက်မြင့်မားရန် အတွက် လူငယ်များ အထွေထွေ ဗဟုသုတ ရှာမှီးနိုင်ရန် ပရိဘောဂနှင့် စာအုပ်စာပေ လုံလောက်စွာ ရှိမည့် စာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ကျောင်းဆရာမနေအိမ်အဖြစ် ထားရှိပြီး စာအုပ်အနည်းငယ်သာ ရှိပါသည်။ ကျေးရွာလူငယ်များသည် စာဖတ်သည့် အလေ့အထ အားနည်းနေပါသေးသည်။ လူငယ်များ၏ စာဖတ်လိုစိတ်ကို တွန်းအားပေးရန်နှင့် စာဖတ်ရန် မွေ့လျော်သည့် နေရာကောင်းဖြစ်အောင် ဖန်တီးပေးပြီး၊ လူငယ်အဖွဲ့များအား စာကြည့်တိုက်မှူး ပြုလုပ်စေခြင်းဖြင့် လူငယ်များ၏ စာဖတ်လိုစိတ်ကို တွန်းအားပေးနိုင်မည် ဖြစ်ပါသည်။ ကျေးရွာလူငယ်များသည် တယ်လီဖုန်း ဂိမ်းကစားခြင်းကိုသာ နှစ်သက်ကြပြီး တယ်လီဖုန်းနှင့် ချိတ်ဆက်သည့် အင်တာနက်အသုံးပြုမှုကို ကောင်းစွာအသုံးမချနိုင်ပေ။ တယ်လီဖုန်းနှင့် ချိတ်ဆက်ပြီး အင်တာနက်မှ ကောင်းမွန်ထိရောက်သည့် ပညာရပ်ကို ရှာဖွေနိုင်သည့် ပညာရပ်များကို လက်လှမ်းမီပါ က ပို၍အထောက်အကူ ပြုမည် ဖြစ်ပါသည်။

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။ ကျေးရွာသည် မန္တလေး မိုးကုတ်လမ်းပေါ်တွင်တည်ရှိ၍ ကျေးရွာတွင်းလမ်းသည် ကတ္တရာလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ ကျေးရွာသည် လမ်းမကြီး၏ ဘေးတစ်ဘက် တစ်ချက် တွင်တည်ရှိပြီး လမ်းမပေါ်ရှိ တံတားများသည် အခိုင်အမာ တည်ဆောက်ထားသော သံကူကွန်ကရစ် တံတားများ ဖြစ်ပါသည်။ ကျေးရွာသူ/သားများသည် အနီးအနားမှ ကျေးရွာများ၊ မြို့များသို့ ဆိုင်ကယ်ဖြင့် အသွားများကြပါသည်။ ကျေးရွာအိမ်ထောင်စုများအနေဖြင့် ဆိုလာမီးကို အများဆုံးအသုံးပြုကြပြီး ကျန်အိမ်ထောင်စုများသည် ဖယောင်းတိုင်မီး၊ ခါတ်ခဲခြောက်မီးများကိုသာ အသုံးပြုကြပါသည်။ ၁၉၉၂ခုနှစ်တွင် ကျေးရွာသည် ရေအားလျှပ်စစ်မီးလင်းရေးကို ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၃ ခုနှစ်တွင် ရေကြီးခြင်းကြောင့် ရေကန်များ၊ ရေမြောင်းများ ပျက်စီးကာ ရေအားလျှပ်စစ် မီးမလင်းနိုင်တော့ပေ။ ကျေးရွာသားများသည် ရေအားလျှပ်စစ်ကို ပြန်လည်ပြုပြင်ပါက ကုန်ကျမည့်ငွေ ပမာဏနှင့် နိုင်ငံတော်အစိုးရမှပေးသော လျှပ်စစ်မီးကိုသာ ရယူရန်ဆန္ဒ ရှိနေကြပါသည်။ မိုးကုတ်သို့သွားသော မြန်မာ့ဓါတ်အားလိုင်းနှင့် ၁၄၈ စစ်တပ်သို့ သွယ်တန်းမည့် မဟာဓါတ်အားလိုင်းတို့သည် ကျေးရွာအနီးတွင်ရှိပြီး ထိုဓါတ်အားလိုင်းတို့မှ ထရန်စဖော်မာ တည်ဆောက်နိုင်ပါက မီးရရှိရန်လွယ်ကူပါသည်။ ကျေးရွာနှင့် (၃)မိုင် အကွာတွင် အော်ရီဒူး၊ တယ်လီနော၊ CDMAတာဝါတိုင်ရှိသော်လည်း တောင်များကွယ်နေသဖြင့် ဆက်သွယ်မှု အနည်းငယ် ညံ့ပါသည်။ ရေဒီယို၊ တီဗွီ များမှလည်း သတင်း အချက်အလက်များကို လက်လှမ်းမီနိုင်ပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာနှင့်(၃)မိုင်အကွာတွင် တယ်လီဖုန်းတာဝါတိုင်များရှိသော်လည်း တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပေ။ တယ်လီဖုန်း

ဆက်သွယ်ရေးအတွက် အဆင်ပြေရုံသာ ရှိပါသည်။ ကျေးရွာသည် ကြီးမားသည့် မူခင်းပြဿနာ ဖြစ်ပွားမှုများမရှိပါ။ ကျေးရွာလုံခြုံရေးအတွက် ဇရပ်ကွင်း၊ (၅) မိုင်ကျေးရွာတို့တွင် ရဲစခန်းရှိပြီး လက်လှမ်းမီမှု ရှိပါသည်။ ရွာနှင့် (၄)မိုင်ခန့်အကွာတွင် ၁၄၈ စစ်တပ်ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကွင်းဆင်းတွေ့ရှိချက်များ၊ အမြင်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများကို အောက်တွင်ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် မြစိမ်းရောင်၊ လူငယ်၊ အရံမီးသတ်အဖွဲ့စသော စွမ်းဆောင်ရည်ရှိသော အဖွဲ့များရှိပြီး၊ လူငယ်များသည်လည်း ကျေးရွာဖွံ့ဖြိုးရေးကို တက်ကြွစွာ လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေကောင်းများရှိ၍ ကျေးရွာအနီးစီးဆင်းနေသော ချောင်းများမှ စိုက်ပျိုးရေ ရရှိစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာဘေးပတ်လည်တွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်၊ ပလပ်မြေများရှိပါသည်။ ချေးငွေအတွက် သမ၊ စိုက်ဘဏ်၊ မြစိမ်းရောင်ချေးငွေများ လက်လှမ်းမီပါသည်။ တနိုင်တပိုင်မွေးမြူရေးအတွက် အစာ၊ရေစာ များပေါများခြင်း၊ တိုးချဲ့မွေးမြူရန် အိမ်ခြံမြေနေရာရှိခြင်းသည်လည်း အခြေအနေကောင်းဖြစ်စပါသည်။ အနီးအနားရှိ ဇရပ်ကွင်း၊ ၉မိုင်ကျေးရွာများတွင် တိ/ကုဆရာဝန်များရှိ၍ ကာကွယ်ရေးကုသရေး လက်လှမ်းမီပါသည်။ ထို့အပြင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် ဥယျာဉ်ခြံထွက် သစ်သီးများပေါများပါသည်။ လက်မှုပညာများ လုပ်ကိုင်နိုင်ရန် သစ်၊ ဝါးကုန်ကြမ်း ရနိုင်သောသစ်တောများရှိ၍ လက်မှုပညာ (ထရံယက်၊ တောင်းယက်၊ ပလိုင်း၊စသည်များ) ယက်လုပ်ရာတွင် ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် ရေသန့်ရနိုင်သော သဘာဝ ရေထွက်ပေါက်များရှိ၍ ရေသန့်ထုတ်လုပ်နိုင်သည်အထိ သန့်စင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၃ မိုင်အကွာတွင် ကျေးလက်ကျန်းမာရေး ဆေးခန်းရှိခြင်း၊ ကျေးရွာတွင် အရံသားဖွား ဒဲ ဦးရှိခြင်း၊ ဇရပ်ကွင်း၊ သပိတ်ကျင်းဆေးရုံ၊ ခုတင် ၁၀၀ စစ်ဆေးရုံများကို လက်လှမ်းမီခြင်းသည် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ မိုးကုတ်သို့သွယ်တန်းထားသော ဓါတ်အားလိုင်းနှင့် နယ်မြေခံစစ်တပ်သို့သွယ်တန်းသော လျှပ်စစ်လိုင်းသည် ကျေးရွာအတွင်းမှ ဖြတ်သန်းသွား၍ လျှပ်စစ်မီးသွယ်တန်းရန် အလားလာကောင်းပါသည်။

(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ကျေးရွာအတွင် အဖွဲ့အစည်းများသည် ပူးပေါင်းလုပ်ဆောင်၊ ညှိနှိုင်းဆွေးနွေးခြင်း အလေ့အထမရှိသကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းထက် မိသားစုစီးပွားရေး၊ အသက်မွေးလုပ်ငန်းများ လုံးပန်းနေရ၍ ကျေးရွာစီမံခန့်ခွဲမှုအတွက် အဟန့်အတားဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် အခွင့်အလမ်းရှိသော်လည်း သစ်တောမြေများဖြစ်နေ၍ မြေယာမှတ်ပုံတင် ပုံစံ ၇ ပြုလုပ်ရန် ခက်ခဲပါသည်။ အဟန့်အတားတစ်ခုသည် တောဂက်များပေါများ၍ စိုက်ပျိုးသီးနှံများကို ဖျက်ဆီး

ပါသည်။ မွေးမြူရေး အသိ၊ ဗဟုသုတမရှိကြဘဲ ဝက်မွေးမြူရေး ကို ရှေးယုံကြည်မှုအရ မမွေးမြူကြသကဲ့သို့ ဝက်မွေးမြူလျှင် မဖြစ်ထွန်းဟု ယုံကြည် ခြင်း၊ဘေးအန္တရာယ် ဖြစ်သည်ဟု ယုံကြည်မှု ရှိကြပါသည်။ ကျေးရွာအခြေပြုလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် နည်းပညာ၊ အရင်းအနှီး၊ စျေးကွက်လက်လှမ်းမမီကြပါ။ စွန့်ဦးတီထွင်လည်း မလုပ်နိုင်ကြပါ။ အခြေခံကျန်းမာရေး ဗဟုသုတ နည်းပါးပြီး၊ ကျေးလက်ကျန်းမာ ရေးဌာနများတွင် ကျန်းမာရေးဝန်ထမ်းမလုံလောက်ပါ။ လျှပ်စစ်မီး သွယ်တန်းရန် ငွေကြေးမတည်ငွေ ခက်ခဲခြင်းသည်လည်း လျှပ်စစ်မီးကဏ္ဍအတွက် အဟန့်အတား တစ်ရပ်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ရေး၊ ကြိုတင်ကာကွယ်ရေး မူဝါ ဒများအောက်ခြေ သို့ရောက်ရန် ချိတ်ဆက်မှုနည်းပါးခြင်းသည် သဘာဝဘေးအန္တရာယ် ထိန်းသိမ်းမှု စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ခြင်းဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

ခ) လူငယ်လူရွယ်များ ပညာရေးတတ်မြောက်မှု ပြည့်စုံလာခြင်းနှင့် ကောင်းမွန်သော အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ရလာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာ ဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထား ပါသည်။

(၁) ကျေးရွာတွင်းအဖွဲ့အစည်းများလုပ်ငန်း စွမ်းဆောင်မှုမြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုးတက်အောင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရန်၊ ကျေးရွာအဖွဲ့အစည်းများ မှတ်တမ်းမှတ်ရာ၊ စာရင်းရေးသွင်းခြင်းတိုးတက်လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ ရရှိလာစေရန် ဖန်တီးပေးရန်၊ ဖွံ့ဖြိုးရေးသဘောတရား၊ အသိများဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၂) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့် ထုတ်လုပ်ရန် လုပ်ဆောင်ရန် စိုက်ပျိုးရေးနည်းပညာများ ရရှိအောင် ဆောင်ရွက်ရန် (စိုက်ပျိုးရေး၊ အခြားကုမ္ပဏီ၊ အန်ဂျီအို)၊ ပုံစံ ၇ ပြုလုပ်ရန် မြေစာရင်းဌာနနှင့် ချိတ်ဆက်ရန်၊ စိုက်ပျိုးရေးချေးငွေလုံလောက်စွာရရန် (မြစိမ်းရောင်၊ သမ၊ စိုက်ဘဏ်)၊

မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီရန်လုပ်ဆောင်ခြင်း (သုတေသနခြံ၊ ကုမ္ပဏီ)၊ ထုတ်ကုန်များ ရောင်းချရန် တောင်သူအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဈေးကွက်ချဲ့ထွင်လုပ်ဆောင်ခြင်း(ကုန်သည် ကြီးများ၊ လုပ်ငန်းရှင်များချိတ်ဆက်ခြင်း)များ လုပ်ဆောင်ရမည်။ မွေးမြူရေးတိုးချဲ့ မွေးမြူရန် ကျွန်းများ၊ ဝက် ကြက် ကာကွယ်ဆေးထိုးနှိုင်ရန် တိကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း၊ အခြေခံမွေးမြူရေး သင်တန်းများရယူခြင်း၊ မွေးမြူရေး ချေးငွေအစီအစဉ်များမှ လုံလောက်သော ချေးငွေရရှိရန်လုပ် ဆောင်ခြင်းများ လိုအပ်ပါမည်။

(၃) တန်ဖိုးမြှင့်ထုတ်ကုန်များထုတ် လုပ်၍ ဝင်ငွေတိုးလာစေရန် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ် ရေးလုပ်ဆောင်ခြင်း(အသေးစားစက်မှုလက်မှုလုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ ကျေးလက်၊ စားသောက်ကုန်လုပ်ငန်း၊ လုပ်ငန်းရှင်များ ချိတ်ဆက်ရန်)၊ တန်ဖိုးမြှင့်ထုတ်လုပ်ရန် နည်းပညာ (သစ်သီးယိုစုံ၊ သစ် သီး စုံချိုရည်၊ မျစ် ချဉ်၊ မျစ်ခြောက်)၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း များ (သစ်ဝါးအခြေခံ၊ တောင်းပလိုင်း၊ စကော၊ စကာ၊ ထရံ၊ ဝါးတူ စသည်များ) တိုးမြှင့်ချိတ်ဆက် လုပ်ဆောင်ခြင်း၊ ရေသန့်ထုတ်လုပ်ရေး လုပ်ဆောင်ခြင်း(ရေသန့်စက်ရုံ၊ လုပ်ငန်းရှင်များကို ချိတ်ဆက် ခြင်း)များ လိုအပ်ပါမည်။

(၄) ကျောင်းသားသူများ ပညာသင်ကြားမှုကောင်းများ ရရှိရန်လုပ်ဆောင်ရန် မိဘဆရာအသင်း၊ ကျေးရွာပညာရေးတိုးတက်ရေးကော်မတီဖွဲ့စည်းရန်၊ ကျေးရွာအစီအစဉ်ဖြင့် ကျောင်းကားများ စီစဉ် လုပ်ဆောင် ရန် (လိုက်ထရပ်၊ သုံးဘီးဆိုင်ကယ်)၊ သင်ထောက်ကူပစ္စည်းများ၊ ပြည့်စုံရန် ပညာရေး ဌာနများသို့ ပညာရေးကော်မတီနှင့် ကျောင်းအုပ်ဆရာမတိုင်ပင်၍ လုပ်ဆောင်ရန်၊ ဆရာမနေအိမ် ဆောက်လုပ်ရန်ကျေးရွာ ရံပုံငွေကောက်ခံခြင်းများ အကောင်အထည်ဖော်လုပ်ဆောင်မည်။

(၅) အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဆရာမခန့်ထားရန် လူနာတင်ယာဉ်များ တည်ထောင်ရန် ကျေးရွာအတွင်းစည်းရုံးခြင်း၊ လုပ်ငန်းရှင်များတွင် အလှူခံခြင်းများလုပ်ဆောင်ခြင်း)၊ ကျန်းမာရေးအသိပညာများ ဟောပြောဆွေးနွေးခြင်းများ လုပ်ဆောင်ရန်၊ (ကျန်းမာရေး၊ အခြား ကျန်းမာရေး အန်ဂျီအိုများယူနီဆက်)၊ ကျေးလက်ကျန်းမာရေး ဆေးခန်းများတွင် လုံလောက်သော ကျန်းမာရေးဝန်ထမ်းများခန့်ထားရန် ဖြစ်ပါသည်။

(၆) လူငယ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်အသင်းဖွဲ့စည်းခြင်း ၊စာအုပ်စာပေများ၊ ပရိဘောဂ များ ပြည့်စုံရန်ဆောင်ရွက်ခြင်း(ပြန်/ဆက်ဌာန)၊ စာအုပ်စာပေများစုဆောင်းခြင်း၊ အပတ်စဉ်သတင်း ဂျာနယ်များဝယ်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများလုပ်ဆောင်ခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန်အသိနှိုးဆော်ခြင်း၊ ယဉ်ကျေးလိမ္မာ၊ ဓမ္မစကူးလ်သင်တန်းများ လုပ်ဆောင်ခြင်းများ လုပ်ဆောင်မည်။

(၇) သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေး လုပ်ငန်းသင်တန်းများ လုပ်ငန်းများ ချိတ်ဆက်ရန် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်း၊ သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေးသဘာဝပတ်ဝန်း

ကျင်ထိန်းသိမ်းရေး လုပ်ငန်းသင်တန်းများ၊ လုပ်ငန်းများချိတ်ဆက်ရန်၊ (သစ်တော၊ အခြား အန္တရာယ် အိုများ)၊ Early Warning Systemမိုးလေဝသ၊ ငလျင်သတင်းများရရှိရန် ချိတ်ဆက်ရန် (မိုးဇလ)၊ ကျေးရွာသဘာဝသယံအန္တရာယ်လျော့ချရေး အစီအစဉ်များရေးဆွဲခြင်း၊ သစ်၊ ဝါး၊ မီးသွေးဖုတ်ခြင်း သည် သစ်တောပြုန်းတီးခြင်းကို ဖြစ်နိုင်ကြောင်းကို ကျေးရွာသူသားများအား အသိပေးရန်၊ ကျေးရွာပိုင် ထင်းသစ်တော၊ (Community Forest) တည်ထောင်ရန် လုပ်ဆောင်ရပါမည်။

(၈) ကျေးရွာမီးလင်းရေးအတွက် ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာမီးလင်းရေး အတွက် မတည်ငွေရံပုံငွေကောက်ခံခြင်း၊ လျှပ်စစ်မီးရရှိရန် ကျေးလက်ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရန်(မတည်ငွေ)နယ်မြေခံတပ်ရင်းကို လျှပ်စစ်မီးသွယ်တန်းနိုင်ရန် စာတင်ပြ တောင်းဆို ရန် လုပ်ဆောင်ရပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့် တွင် မူဝါ ဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါဒနှင့် အစီအစဉ် ကျသော ချိတ်ဆက်မှုများလုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော မြို့နယ်အဆင့် ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ရှိပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ဆောင်ကြ၍ စိုက်ပျိုးထုတ်လုပ်မှု၊ တိုးတက် ရန်အတွက် လုပ်ဆောင်ရန် လိုပါမည်။ ကျေးရွာမြေအများစုသည် သစ်တောမြေဖြစ်၍ စိုက်ပျိုး ထုတ်လုပ်နိုင်ရန် ပုံစံ ၇ ပြုလုပ်ရန် လိုအပ်ပါမည်။ ထို့ကြောင့် မြေယာဖွံ့ဖြိုးရေးအတွက် မြေယာများ တိုးချဲ့ခြင်း၊ လက်ရှိစိုက်ပျိုးနေသော သစ်တောမြေများကို လယ်ယာမြေပုံစံ ပြုလုပ်ပေးခြင်းအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်။ ထို့အပြင် ပိုးမွှားရောဂါ ကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ် နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ရေးဆွဲပြီး၊ ကျွမ်းကျင် ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက်လျာထားချက်များထားရှိခြင်း များကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများကိုလည်း ကွင်းအတွင်းမှ ပညာပေးဝန်ထမ်း များ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင်နိုင်ရပါမည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှု များမရရှိ ကြပါ။ အဖြစ်များသော တိရစ္ဆာန်ရောဂါများ ကာကွယ်ကုသနိုင်ရန် ပုံမှန်ကာကွယ်ကုသခြင်းဆိုင်ရာ

ဖွံ့ဖြိုးမှုအလေ့အထများ ရှိလာရန် တိမ်မွေးကုဋ္ဌာနများနှင့် အစီအစဉ်များ၊ မူဝါဒများ ချိတ်ဆက်ရန် လိုပါမည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အရည် အချင်း ပြည့်ဝသော၊ လုံလောက်သော ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးရန် လိုပါမည်။ လျှပ်စစ်မီး လက်လှမ်းမီရန် ကျေးရွာအနေဖြင့် လက်လှမ်းမမီနိုင်သောမူဝါဒများကို ပြင်ဆင်ချမှတ်လုပ်ဆောင်ရန် မြန်မာ့လျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ချိတ်ဆက် လုပ်ဆောင် ရန် လိုအပ်ပေမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများချမှတ် လုပ်ဆောင်ရန်လိုပါမည်။ ကျေးလက်ဒေသ များသည် မြို့များနှင့်နီးယှဉ်ပါက စီးပွားရေး အဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် နှေးကွေး ပါသည်။ ဘဏ်လုပ်ငန်းများ၊ အခြားငွေရေးကြေးရေးမူဝါဒများကို ကျေးလက်ဒေသကို အခြေပြု၍ ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်ရပါမည်။

(င) ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကို အနည်းအများ ရင်ဆိုင်ရပါသည်။ သဘာဝ ဘေးအန္တရာယ်လျော့ချရေးနည်းစနစ်များ၊ သတင်းအချက်အလက်များ လက်လှမ်းမမီကြပါ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ အောက်ခြေအထိရောက်နိုင်ရန် ချမှတ်လုပ် ဆောင် ရမည်။

၈။ ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေး စီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃)နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွား သော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက် များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိ နားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း: (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးစားပေးစီမံချက်

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	မှတ်ချက်
၁။ စီမံအုပ်ချုပ်မှုကဏ္ဍ	၁။ ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်	၆၅	၁၀	ကျေးရွာအဖွဲ့အစည်းများသည် အချင်းချင်းချိတ်ဆက်မှုအားနည်းပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး၊ ၎င်းအဖွဲ့ များကိုစီမံခန့်ခွဲမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားသင်တန်းများရရှိလာစေရန် ဖန်တီးပေးရန်နှင့် ကျေးရွာ လူထုအခြေပြု လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများစွမ်းရည်မြင့်လာပြီး၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်လာမည်။	ကျေးလက်
၂။ စိုက်ပျိုးရေး ၂.၁ သီးနှံ	၁။ စိုက်ပျိုးရေးနည်းပညာလက်လှမ်းမှီ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်	၉၅	၂	လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးရေးနည်းပညာများကို စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပြီး စိုက်ပျိုးရေးနည်းပညာများ ရရန်။ ၎င်းနည်းပညာများ အသုံးချ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်။ အထွက်တိုးရန်အတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းလမ်းများ၊ တောင်သူကွင်းများတွင် လုပ်ကိုင်ခြင်း၊ စိုက်ခြံများ၊ ပုဂ္ဂလိကခြံများနှင့် ချိတ်ဆက်ရယူရန်၊	
၂.၂။ စိုက်ပျိုးမြေ	၃။ စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှုထုတ်လုပ်နိုင်ရန်	၈၃	၅	ကျေးရွာရှိ စိုက်ပျိုးမြေအများစုသည် ပုံစံ ၇ ရရှိမှုခက်ခဲ၍စိုက်ပျိုးထုတ်လုပ်မှုအဟန့်အတားဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိ စိုက်ပျိုးနေသော မြေယာများ ပုံစံ ၇ ရရန် မြေစာရင်းဌာနနှင့် ချိတ်ဆက်ခြင်း၊ မြေယာများ တိုးချဲ့စိုက်ပျိုးခြင်း၊ လယ်ယာသစ်တောစနစ်များ စမ်းသပ်စိုက်ပျိုးခြင်းများ လုပ်ဆောင်ရမည်။	
၃။ မွေးမြူရေး ၃.၁ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင် ဝင်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၆၅	၁၁	ကျေးရွာတွင် ကျွဲနွား၊ ကြက်များ မွေးမြူကြပါသည်။ မွေးမြူရေးနည်းပညာများရယူ၍ မိသားစုဝင်ငွေတိုးရန် တိကုဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်။ နွား၊ ကြက်၊ ဝက်၊ ဆိတ် များကို တိုးချဲ့မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေတိုးလာမည်။	ကျေးလက်

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	မှတ်ချက်
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ ၄.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများ	၁။ ဒေသထွက်ကုန်ကြမ်းများ ကို အခြေခံသော အသေးစားထုတ်ကုန် စီးပွားရေးလုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်ရန်	၇၃	၉	ကျေးရွာတွင် ဒေသထွက်အခြေခံ စီးပွား ရေးလုပ်ငန်းများ ရှိပါသည်။ တို့ကြောင့် ၎င်းကုန်ကြမ်း အခြေခံ အသေးစားထုတ် လုပ်မှုလုပ်ငန်း များ လုပ်ဆောင် နိုင်ရန် ကျေးလက်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ နှင့် ချိတ်ဆက်၍ လုပ်ဆောင်ရန်။ သစ်သီးယို၊ မျှစ်ချဉ်၊ မျှစ် ခြောက်၊ ဝါးလက်မှုလုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်းစသော လုပ်ငန်းများကို နည်းပညာများ ချိတ်ဆက်ရယူ လုပ်ဆောင်ရန်။	ကျေးလက်
၅။ ပညာရေး	၁။ ကျေးရွာအတွင်း ကျောင်းသား/သူများ ပညာရေး ပတ်ဝန်းကျင် ကောင်းများ ရလာရန်	၈၅	၄	ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသုံး ပရိဘောဂများ၊ စားပွဲ၊ ကုလားထိုင်၊ ဆရာ မနေအိမ်ဆောက်လုပ်ခြင်း၊ မူလတန်းပြီးစီး ပြီးနောက် အလယ်တန်း၊ အထက်တန်းကျောင်းများ လက်လှမ်းမှီရန် ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း၊ အခြားကျောင်းများသို့ သွားရောက်တက်ရသော ကလေးများအတွက် ကျောင်းကား (သုံးဘီး)များ စီစဉ်ပေးခြင်း	
၆။ ကျန်းမာရေး၊ သောက်သုံးရေ ၆.၁။	၁။ ကျေးရွာအိမ်ထောင်စုများအခြေခံကျန်းမာရေး စောင့်ရှောက်မှုများဖွံ့ဖြိုးလာစေရန်	၈၈	၃	ကျေးလက်ကျန်းမာရေးဆေးခန်းတွင် ဆေးပစ္စည်း၊ပရိဘောဂများ ပြည့်စုံရန်၊ ကျန်းမာရေးဆရာမများ လုံလောက်ရန်၊ ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုများ ရလာရန် ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ရန်	
၇။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	၁။ လူငယ်များ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးလာစေရန်	၈၂	၆	ကျေးရွာရှိ လူငယ်များ စာပေဗဟုသုတများ လက်လှမ်းမှီရန် ကျေးရွာ စာကြည့်တိုက်ကဲ့သို့ စာဖတ်ရန်နေရာများ ဖန်တီးပေးခြင်း၊ စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း၊ စာပေဟောပြောပွဲ ကျင်းပပေးခြင်း၊ စာဖတ် အလေ့အထများ ထွန်းကားလာစေရန် လုပ်ဆောင်ခြင်း၊ ပြန်ဆက်ဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်မည်။	ကျေးလက်

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	မှတ်ချက်
၈။ လျှပ်စစ်စွမ်းအား ၈.၁ မဟာဓါတ်အားလိုင်း	၁။ ကျေးရွာအိမ်ထောင်စုအားလုံးလျှပ်စစ် မီးလက်လှမ်းမီရန်	၉၇	၁	ကျေးရွာတွင် မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ မဟာဓါတ်အားလိုင်းမှ လျှပ်စစ် မီးသွယ်တန်းနိုင်ရန် မတည်ရံပုံငွေများ စုစည်းခြင်း၊ ကျေးလက်၊ မြန်မာ့လျှပ်စစ်လုပ်ငန်းများနှင့် နည်းပညာ၊ ငွေကြေးအကူအညီများအတွက် ချိတ်ဆက်ခြင်း၊ ကျေးရွာရှိပြီးသား ရေအားလျှပ်စစ်ကို သုံးစွဲနိုင်ရန် ပြုပြင်ခြင်း။	ကျေးလက်
၉။ ချေးငွေ	၁။ ကျေးရွာအခြေပြုငွေစု ငွေချေးအသင်းများ တည် ထောင်၍ ငွေကြေး အဖွဲ့ အ စည်းများနှင့် ချိတ် ဆက်ခြင်း	၈၂	၇	ကျေးရွာတွင် စိုက်ဘဏ်စသော ချေးငွေရနိုင်သောနေရာများ ရှိသော်လည်း မလုံလောက်ပါ။ ကျေးရွာတွင် လက်လုပ် လက်စား မြေယာမဲ့များ အခြားစီးပွားရေး လုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရင်းနှီးငွေများလိုအပ်ပါသည်။ ကျေးရွာတွင် ကျေးရွာ အခြေပြု ငွေစုငွေချေး အသင်းများ၊ စနစ်များ တည်ထောင်၍ ပြည်တွင်းပြည်ပချေးငွေအဖွဲ့အစည်းများဘဏ်များနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် စွမ်းရည် မြှင့်တင်လုပ်ဆောင်ခြင်း။	ကျေးလက်
၁၀။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး	၁။ သဘာဝဘေးအန္တရာယ် အသိပညာများရလာ၍ ထိန်းသိမ်းလာ စေရန်	၇၅	၈	ကျေးရွာသည် ငလျင်၊ ရေဘေး၊ မီးဘေး၊ သစ်တောပြုန်းခြင်း စသော ဘေးအန္တရာယ်များကို နှစ်စဉ်နီးပါး ကြုံတွေ့နိုင်ပါသည်။ ထို့အပြင် ကျေးရွာလူထုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာများနှင့်ပတ်သက်၍ အသိများ မရှိ၊ မသိကြပါ။ ထို့ကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် သစ်တောဌာနနှင့် ချိတ်ဆက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သင်တန်းများ ချိတ်ဆက်လုပ်ဆောင်ရန်။	ကျေးလက်

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ				
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာအိမ်ထောင်စု အားလုံး လျှပ်စစ် မီးလက်လှမ်းမှီရန်	၁	√				
၂	စိုက်ပျိုးရေးနည်းပညာ လက်လှမ်း မှီ၍ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက် လာစေရန်	၂	√				
၃	ကျေးရွာအိမ်ထောင်စုများ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများ ဖွံ့ဖြိုးလာစေရန်	၃	√				
၄	ကျေးရွာအတွင်း ကျောင်းသား/ သူများ ပညာရေး ပတ်ဝန်းကျင် ကောင်းများ ရလာရန်	၄		√			
၅	စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍ စိုက်ပျိုး ထုတ်လုပ်မှု ထုတ်လုပ်နိုင်ရန်	၅		√			
၆	လူငယ်များ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးလာစေရန်	၆		√			
၇	ကျေးရွာအခြေပြု ငွေစု ငွေချေး အသင်းများ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်းများနှင့် ချိတ် ဆက်ခြင်း	၇			√		
၈	သဘာဝဘေး အန္တရာယ် အသိ ပညာ များရလာ၍ ထိန်းသိမ်းလာ စေရန်	၈			√		
၉	ဒေသထွက် ကုန်ကြမ်းများကို အခြေခံ သော အသေးစား ထုတ်ကုန်စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်	၉			√		
၁၀	ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်	၁၀				√	

စဉ်	စီမံကိန်း	ဦးစားပေးအဆင့်	ကာလ				
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁၂	တစ်နိုင်တစ်ပိုင် ဝင်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၁၁					√

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျ နိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		
				ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်ပံ့
				ငွေလုံး ငွေရင်း ရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာအိမ်ထောင်စု အားလုံး လျှပ်စစ် မီးလက်လှမ်းမီရန်			√		
၂	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီ၍ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်လာစေရန်				√	
၃	ကျေးရွာအိမ်ထောင်စုများ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ဖွံ့ဖြိုးလာစေရန်				√	
၄	ကျေးရွာအတွင်း ကျောင်းသား/သူများ ပညာရေး ပတ်ဝန်းကျင်ကောင်းများ ရလာရန်			√		
၅	စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှု ထုတ်လုပ်နိုင်ရန်				√	
၆	လူငယ်များ အသိပညာ ဗဟုသုတ ဖွံ့ဖြိုး လာစေရန်				√	

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်းစာနာ မှုအ ထောက် ပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံး ငွေရင်း ရင်းနှီးမြှုပ် နှံမှု	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၇	ကျေးရွာအခြေပြု ငွေစု ငွေချေး အသင်းများ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း				√	
၈	သဘာဝဘေးအန္တရာယ် အသိပညာ များရလာ၍ ထိန်းသိမ်းလာစေရန်				√	
၉	ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော အသေးစား ထုတ်ကုန် စီးပွားရေးလုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်ရန်				√	
၁၀	ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်				√	
၁၁	တစ်နိုင်တစ်ပိုင် ဝင်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်				√	
				၂	၁၀	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်း ပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အစား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၁၁	၄	၁၅	၂.၈ %	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၆	၁၄	၃၀	၅.၆ %	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၄	၂၄	၄၈	၉.၁ %	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၆	၂၄	၄၀	၇.၅ %	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၈၁	၁၇၉	၃၆၀	၆၇.၇%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၈	၂၁	၃၉	၇.၃%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၂၆၆	၂၆၆	၅၃၂	၁၀၀ %	
အိမ်ထောင်စု	၁၂၆				
ပျမ်းမျှအိမ်ထောင်စုဝင်	၄.၂				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်) (ကျေးရွာရာအိမ်မှူး၊ ဆယ်အိမ်မှူး များမှ တဆင့် ကောက်ယူသည်)

လေ့လာတွေ့ရှိချက်။ ။ ပျမ်းမျှတစ်မိသားစုလျှင်(၄.၂) ဦးခန့်ရှိ၍ ကျေးလက်ဒေသအတွက် ရှိသင့်သော ပျမ်းမျှ မိသားစုဝင်ရှိပါသည်။

၁.၂ လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း: အဓိကလုပ်ငန်း	%	အခြားလုပ်ငန်း	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား	၁၀၇	၈၄.၉%		လယ်ယာလုပ်ငန်းလုပ်ကိုင်သည်။
၂	**မွေးမြူရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စားလုပ်သား) • မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း %	အခြား လုပ်ငန်း	မှတ်ချက်
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း**			
	• ကိုယ်ပိုင်လုပ်ငန်း		၈၀	ဝါးခုတ်(၃၀)ဦး၊ မျှစ်ချိုး(၅၀)ဦး
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၅	**ကုန်ထုတ်လုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း		၈၉	တနိုင်တပိုင် မျှစ်ချဉ် လုပ် ငန်း(၈၀) ဦး၊ ဝါးတူလုပ်ငန်း(၁)ဦး၊ မီးသွေးဖုတ်ခြင်း ထရံ ယက်လုပ်ခြင်း (၂) ဦး၊ တောင်းပလိုင်း ယက် လုပ်ခြင်း(၅)ဦး
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၇	**ဆောက်လုပ်ရေးလုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)**			
	• ကိုယ်ပိုင်လုပ်ငန်း		၂	စက်ချုပ် (၂) ဦး၊
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြား လုပ်ငန်း	မှတ်ချက်
၁၀	**လက်လီလက်ကားအရောင်းအဝယ်**				
	• ကိုယ်ပိုင်လုပ်ငန်း	၁၆	၁၂.၇%		အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင် ကြပါ သည်
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	• ကိုယ်ပိုင်လုပ်ငန်း			၄	လက်ဖက်ရည်ဆိုင်(၄) ဦး၊
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊**				
	• ကိုယ်ပိုင်လုပ်ငန်း			၈	ကုန်ကားမောင်းသူ (၈)ဦး
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၆	**ပညာရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြား လုပ်ငန်း	မှတ်ချက်
၁၇	**ကျန်းမာရေး** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၈	**လူမှုရေးလုပ်ငန်းများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းများ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၃	၂.၄%		ကြုံရာကျပန်းလုပ်ကိုင် ကြပါသည်။
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၁၂၆	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈- ရက်၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို (၈၄.၉%) သော အိမ်ထောင်စုများ လုပ်ကိုင် ကြပါသည်။ ဒေသထွက်ကုန်များ အရောင်းအဝယ်လုပ်ခြင်း၊ မျှစ်လုပ်ငန်း၊ ကျောက် လုပ်ငန်းစသော လုပ်ငန်းများကိုသာ တနိုင်တပိုင်လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု (၂.၄%) သော အိမ်ထောင်စုတို့သည် လယ်ယာ ၊ ဥယျာဉ်ခြံလုပ်ငန်းများတွင် နေ့စားအငှားလိုက်ခြင်း၊ သစ်တောထွက် ဝါးခုတ်၊ မျှစ်ချိုးခြင်းများဖြင့် လုပ်ကိုင် စားသောက်ကြပါသည်။

၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁ ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၁.၆၄	ကောင်း	မရ	ညောင်ပင်သာချောင်း
ယာမြေ	၇၆၈.၈၇	ကောင်း	မရ	

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ဥယျာဉ်ခြံမြေ	၄၆၄	ကောင်း	မရ	
စုစုပေါင်း	၁၂၅၄.၅၁			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၈ ရက် ၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ တောင်သူများ၏ လက်ရှိစိုက်ပျိုးနေသော မြေယာများအနီးဝန်းကျင်တွင် တောင်သူတစ်ဦးချင်းပိုင် ဖုန်းဆိုးမြေ(သို့)မြေလွတ်များရှိကြပါသည်။ တောင်သူများအနေနှင့် ၎င်းမြေများကို ယာမြေဖော်ရန် လုပ်အား၊ ငွေအား မတတ်နိုင်ကြပါ။ လက်ရှိလုပ်ကိုင်စားသောက်နေသော ယာမြေများသည်ပင် ပုံစံ(၇) ၊ မြေယာ မှတ်ပုံတင် ယာမြေအားလုံးမရရှိကြသေးပါ။

၁.၃.၂ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါ တ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်)	နည်း	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စကတင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးတွင် နီလာကျောက်မျက် တူးဖော်ရရှိပြီး၊ ကုမ္ပဏီများမှ လိုင်စင်ဖြင့် လုပ်ကိုင်ခဲ့ကြပြီး၊ ယခုအချိန်တွင် ကျောက်မျက် လုပ်ကွက်နည်းပါးသွားပါသည်။ ကျောက်မျက်ရရှိမှုလည်း နည်းပါးသွားပါသည်။ တောင်သူလုပ်ငန်းခွင် အလုပ်နည်းပါးချိန်တွင် ကျောက်လှည်းဘီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ပိုးဇာနွယ်ကျေးရွာတို့သည် ကျောက်မျက်ရှာဖွေခြင်း၊ ကျောက်ကောက်ခြင်း လုပ်ကိုင်ကြပါသည်။ အရင်းအမြစ်ရှားပါးသွားခြင်း၊ လုပ်ငန်းသုံးပစ္စည်းမပြည့်စုံခြင်း ၊ လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ကျောက်မျက် ရရှိမှုနည်ပါးသည်။ ကျောက်မျက်နှင့် ပတ်သက်ပြီး လုပ်ကွက်အကန့်အသတ် ဖြစ်ခြင်း၊ နည်းပညာနှင့် လုပ်ဖက်ပစ္စည်းအရင်းအနှီး လက်လှမ်းမမှီခြင်းတို့ကြောင့် ကျေးရွာလူထုအနေဖြင့် ကျေးရွာဝန်းကျင်ရှိ တောတောင်များတွင် ပရဆေးပင်များရနိုင်သော်လည်း နှစ်စဉ် ထုတ်ယူရောင်းချသောကြောင့် ပရဆေးပင် ရရှိမှုအသင့်အတင့်သာ ရရှိပါတော့သည်။ နှစ်ကာလကြာရှည်စွာလုပ်ကိုင်ပါက ပရဆေးပင် သဘာဝ

အရင်းအမြစ် ရှားပါးလာနိုင်ပါသည်။ မိုးနှင့်ဆောင်းရာသီများတွင် ကျွဲ၊နွားအစာများ ပေါများပြီး၊ နွေရာသီတွင် အစာရရှိခြင်းနည်းပါး၍ ၄က်ပျောပင်ပေါက်များကို ခုတ်ကျွေးကြပါသည်။

၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန် ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၀ ဧကမှ၂၀ ဧက) ကြား	(၅ ဧကမှ၁၀ ဧက) ကြား	၅ ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	လေးပင် ၊နှစ်ထပ် ပျဉ်ထောင်၊ပျဉ်ခင်း ၊သွပ်မိုးအိမ် နှင့် တိုက်အိမ်	လေးပင် ၊နှစ်ထပ် ပျဉ်ထောင်၊ပျဉ်ခင်း၊ သွပ်မိုး	သုံးပင်၊ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး	သုံးပင်၊ထရံကာ၊ ကြမ်းခင်း၊သက် ကယ်မိုး
လုပ်ငန်းသုံးကိရိယာ၊ လုပ်ဖက်ကရိယာ ပိုင်ဆိုင်မှု	မြက်ရိတ်စက်၊ ရေစုပ်စက်၊ခိုင်းကျွဲ၊ ခိုင်းနွားအစုံ	မြက်ရိတ်စက်၊ရေစုပ် စက်၊ခိုင်းကျွဲ	ပေါက်ပြား၊ ပေါက်တူး	ပေါက်ပြား၊ပေါက် တူး၊တံစဉ်
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ကား၊ တီဗီ၊ဖုန်း	ဆိုင်ကယ်၊ကား၊တီဗီ၊ ဖုန်း	ဆိုင်ကယ်၊တီဗီ၊ဖု န်း	ဖုန်း
အဓိကစီးပွားရေး လုပ်ငန်း၊ တန္နစ်ဝင်ငွေ	စိုက်ပျိုးရေး၊ အရောင်းအဝယ်	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ကျပန်း	ကြဲရာကျပန်း
အခြားပိုင်ဆိုင်မှု	မျှစ်ချဉ်လုပ်ငန်း၊ ကုန်စုံဆိုင်	မျှစ်ချဉ်လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ အိမ်ဆိုင်၊ ဝါးတူလုပ်ငန်း	-	-
အိမ်ထောင်စု	၂၇	၂၇	၄၅	၂၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇- ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၂၇) စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၇) စု ၊ ဆင်းရဲသော အိမ်ထောင်စု (၄၅)စု၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(၂၇)စု ရှိပါသည်။

၁.၅ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

၁.၅.၁ ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ် ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်			
၃ လနှင့် ၅ လအထိ			
၆လမှ၁၂လအထိ	၁၅	၁၀၀%	မလုံလောက်ပါက တောင်သူများထံ လုပ်အား ခကြို ယူခြင်းနှင့် ကျေးရွာ ဈေးဆိုင်များမှ အကြွေးယူပြီး စား သောက်ရပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇- ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စုများသည် စားနပ်ရိက္ခာဖူလုံမှုရှိကြပါသည်။ ကျေးရွာသည် အကြွေး မြီမကင်းကြဘဲ စိုက်ရေးပျိုးရေး၊ သားသမီးများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အိမ်ပြင်ရန် ချေးယူသောချေးငွေများကို သုံးစွဲခဲ့ကြပါသည်။

၁.၆ ထိခိုက်လွယ်မှု

၁.၆.၁ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖ၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	၁	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၆		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	-		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသူ	-		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသက် (၆၀) နှစ် အထက် သက်ကြီးရွယ်အိုပြီး၊ မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၁)ဦးရှိပါသည်။ မိသားစုဝင်များသည် ဆင်းရဲပြီး၊ စားဝတ်နေ

ရေး ခက်ခဲသောကြောင့် ကျေးရွာသူသားများသည် ကြည့်ရှုစောင့်ရှောက်ထားကြပါသည်။ ဆင်းရဲပြီး အမျိုးသမီး ဦး ဆောင်သော အိမ်ထောင်စုများသည် မိုးလေဝသ၊ ရာသီဥတုမမှန်ခြင်း၊ ကုန်ဈေးနှုန်း မတည် ငြိမ်ခြင်း၊ ကျေးရွာ အနီးတွင် သဘာဝသစ်တောများ ပြုန်းတီးမှုများလာခြင်း တို့ကြောင့် အလုပ်အကိုင် နည်းပါးလာပြီး၊ ဝင်ငွေနည်း၍ စားဝတ်နေရေး အခက်အခဲနှင့် ကြုံတွေ့နိုင်ပါသည်။ ထိုထိခိုက်လွယ်သော မိသားစုများသည် သဘာဝဘေးအန္တရယ် ကြုံတွေ့ပါက စားဝတ်နေရေးနှင့် ကျန်းမာရေး ထိခိုက်မှုအများဆုံး ကြုံတွေ့နိုင်သော မိသားစုများဖြစ်ပါသည်။

၁.၆.၂ ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ရာသီဥတုမမှန်ခြင်း(မိုးများခြင်း၊ မိုးခေါင် လွန်ခြင်း ၊ ဆီးနှင်းများ ကျလွန်းခြင်း၊ အအေးလွန်ကဲခြင်း၊ စိုက်ပျိုးသီးနှံ ပျက်စီး ခြင်း၊ သစ်တော ပြုန်းတီးလာခြင်းတို့ ကြောင့် မြေယာမဲ့များနှင့် ကျပန်းလုပ်သားများ အလုပ်အကိုင်နည်း ပါးပြီး၊ ဝင်ငွေနည်း လာသောကြောင့် စားဝတ်နေရေး ထိခိုက်မှု အသင့်အတင့် ရှိပါသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...)	နိမ့်	ပြင်ပလုပ်ငန်းရှင်များ ဥယျာဉ်ခြံမြေများ တွင်ရင်း နှီးမြှုပ်နှံလာကြ၍ ဒေသခံများ အတွက် စိုက်ပျိုး မြေရှားပါးခြင်း၊သစ်တောထွက်ပစ္စည်းများ ထုတ် ယူသုံးစွဲ ရန် ခက်ခဲလာခြင်း၊ သစ်ခွစသော သဘာဝ အရင်းအမြစ်များရှားပါး လာခြင်းကြုံတွေ့လာနိုင်ပါသည်။
၃	မိုးခေါင်ခြင်း	နိမ့်	မိုးဦးမိုးလယ်များတွင် မိုးခေါင်ခြင်းကြုံတွေ့ရတတ် သည်။
၄	မုန်တိုင်း	နိမ့်	မိုးဦးကျနှင့် တချို့နှစ်များတွင်မိုးဦး၊ မိုးနှောင်းကာ လများတွင် မိုးသက် လေပြင်း တိုက်ခိုက်ခြင်းကြုံ တွေ့ရပါသည်။
၅	ငလျင်	လတ်	ဘုရားစေတီ၊ ပညာရေးအဆောက်အဦးများ ပျက်စီး၊အက်ကွဲခြင်းကြုံတွေ့ရပါသည်။
၆	မီးဘေး	လတ်	ကျေးရွာသည် တောင်ယာ စိုက်ခင်းများ၊ သစ်တော များနှင့်တဆက်တည်ရှိပြီး နွေရာသီတွင်တောမီး လောင်ခြင်းနှစ်စဉ်ဖြစ်ပါသည်။
၇	မြေပြိုခြင်း၊ မြေဆီလွှာပျက် ယွင်း မှု	လတ်	စိုက်ပျိုးမြေများသည် တောင်တန်းတောင်ကုန်းများ ပေါ်တွင် တည်ရှိပြီး မိုးရာသီ မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ အပေါ်ယံမြေဆီလွှာ တိုက်စား ပျက်စီးခြင်းရှိပါသည်။
၈	သစ်တောပြုန်းတီးခြင်း	မြင့်	တောင်ယာခုတ် စိုက်ပျိုးခြင်း၊ သစ်ထုတ်လုပ်ခြင်း နှင့် ဒေသခံ အိမ်ထောင်စုများမှ သစ်တောတွက် ပစ္စည်းများကို ရာသီ အလိုက်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			နှစ်စဉ် ထုတ်ယူ သုံးစွဲ နေကြခြင်း၊ သဘာဝ ပါတ်ဝန်းကျင် နှင့် သစ်တောသစ်ပင်ထိန်းသိမ်းမှု အားနည်းခြင်း။
၉	ငှက်ဖျားရောဂါ	လတ်	ငှက်ဖျားဧရိယာဖြစ်သော်လည်းကျန်းမာရေးအသိပညာ ရရှိခြင်း၊ ကာကွယ်ခြင်း များ ကြောင့် ဖြစ်ပွားခြင်းလျော့ကျလာပါ သည်။
၁၀	တီဘီရောဂါ	လတ်	ကျေးရွာတွင် ဆေးစားဆဲ(၂)ဦးရှိ ကူးစက်နိုင်မှု အသင့်အတင့် ရှိပါသည်။
၁၁	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ကိုယ်ခံအားကျဆင်းမှု ရောဂါ ဖြစ်နိုင်ခြေ များသော ဒေသများသို့ လူငယ်လေးများ နှစ်ရှည်လများ သွားရောက်လုပ်ကိုင်ခြင်း၊ ကိုယ်ခံအားကျဆင်းမှု ရောဂါနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတနည်း ပါးခြင်း တို့ကြောင့် ကူးစက်ခံရ နိုင်သည့် အန္တရာယ် အနည်းငယ် ရှိပါသည်။
၁၂	လူကုန်ကူးခြင်း	နိမ့်	လူမှောင်ခိုကုန် ကူးခြင်းဆိုင်ရာအသိပညာ ဗဟုသုတနည်းခြင်းနှင့် လူကုန်ကူးမှုဖြစ်နိုင်ခြေများသော ဒေသများသို့ သွား ရောက် လုပ်ကိုင်ခြင်း ရှိ သော်လည်း ဖြစ်နိုင်ခြေနည်းပါးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ငလျင်၊ တောမီး၊ မြေဆီလွှာတိုက်စားခြင်း၊ သစ်တောပြုန်းတီးခြင်းများ အနည်းအများ ရင်ဆိုင်ရပါသည်။

၁.၅.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား (၉) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	နယ်စပ် ဒေသများသို့ လူငယ်၊ လူလတ်ပိုင်းများ ကျပန်း လုပ်ငန်းများ၊ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းနှင့် ရွှေတူး လုပ်ငန်းများ သွား ရောက်လုပ်ကိုင်ခြင်းကြောင့် အရက်သေစာ သောက်စားမှု အနည်းငယ်ရှိနိုင်ပါသည်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	လတ်	ရာသီဥတုမမှန်ခြင်း၊ ဝင်ငွေနည်းခြင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်မှု မရှိခြင်းတို့ကြောင့် စားဝတ်နေရေး အခက် အခဲကြုံတွေ့ ရပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသား တောင်သူ	လတ်	ရာသီဥတု မမှန်ခြင်း၊ သီးနှံများ ပျက်စီးခြင်း ၊ ကုန် ဈေး နှုန်းမတည်ငြိမ်ခြင်း၊ ကျပန်းအလုပ် ပုံမှန်မရှိခြင်းနှင့် အခြားဝင်ငွေတိုး လုပ်ငန်း များ

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			ကိုလုပ်ဆောင်ရန် နည်းပညာနှင့် အရင်းအနှီး မရှိခြင်းတို့ကြောင့် စားဝတ်နေရေး အခက်အခဲနှင့် ကြုံတွေ့ ရပါသည်။
၄	မတော်မဆမှုဖြစ်နိုင်ခြေများ သောနေရာ (Prone to accident)	လတ်	ကျေးရွာလမ်းမကြီး (မန္တလေး - မိုးကုတ်) လမ်းမပေါ်တွင် မတော်တဆ ထိခိုက်မှု မကြာခဏ ဖြစ်ပွား၊ အသက်အန္တရယ်ထိခိုက်သည်အထိကြုံတွေ့ရပါသည်
၅	ရွှေတွင်းလုပ်သား	နိမ့်	ရွှေထွက်ရာဒေသများ (ရမည်းသင်း၊ တနိုင်း၊ ဖားကန့်) စသည်များတွင် သွားရောက်လုပ်ကိုင်၍ ၄က်ဖျား၊ အခြားကူးစက် ရောဂါများ၊ မြေပြိုကျခြင်း ကြုံတွေ့နိုင်ပါသည်။

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာလ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေဆီ၊ မြေဩဇာပြုန်းတီးမှုများခြင်း၊ သဘာဝသစ်ပင် သစ်တောများပြုန်းတီးမှုများခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရခြင်းနှင့် ငလျင်ဇုန်ဧရိယာဖြစ်ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့် ကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ လျှော့ချရေး အစီအစဉ်များဆောင်ရွက်ပေးရန်နှင့်သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကျေးရွာပိုင်သစ်တော(သို့) အစုအဖွဲ့ပိုင်သစ်တောများထူထောင်နိုင်ရန် စီစဉ်ဆောင် ရွက်ပေးနိုင်သည့် ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် လိုအပ်ပါသည်။ ကျေးရွာအလယ်လမ်းမကြီး (မန္တလေး - မိုးကုတ်) လမ်းမပေါ်တွင်ကားနှင့် ဆိုင်ကယ်၊ ဆိုင်ကယ်အချင်းချင်း၊ ကားဆိုင်ကယ်နှင့် လူမတော်တဆထိခိုက်မှု မကြာခဏဖြစ်ပွား၊ အသက်အန္တရယ်ထိခိုက်သည်အထိကြုံတွေ့ရပါသည်။ ကျေးရွာတွင်းမှဖြတ်သော မိုးကုတ်လမ်းသည် အကွေ့အကောက်နှင့် အတက်အဆင်းများသောကြောင့် ထိုနေရာများတွင် (ကျေးရွာနှင့် စာသင်ကျောင်းရှေ့) သက်ဆိုင်ရာဌာနများမှ သတိပေးဆိုင်းဘုတ်ကပ်ခြင်းနှင့် အရှိန်ထိန်း ကုန်း/ ဘောင်များပြုလုပ်ပေးလျှင်မတော် တဆထိခိုက်မှု ဖြစ်ခြင်းများ လျော့နည်းလာနိုင်ပါသည်။

၂။ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
၁	ဂေါပကအဖွဲ့	၃	၁၈	-	၁၈	ကျေးရွာဘာသာရေးလုပ်ငန်းများ	၄	၆
၂	ကျောင်းကော်မတီ	၂	၅	၂	၇	မူလတန်းကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး	၄	၇
၃	အမျိုးသမီးရေး ရာ	၂	-	၁၅	၁၅	အမျိုးသမီးများ၏ အခန်းကဏ္ဍများတွင် ကူညီပေးရန်	၅	၆
၄	မိခင်နှင့်ကေေး	၂	-	၁၅	၁၅	မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများကို ကူညီပေးရန်	၅	၆
၅	လူမှုရေးအဖွဲ့ (လူငယ်အမျိုးသမီး၊ အမျိုးသား)	၂	၃၈	၂၅	၅၅	ကျေးရွာသာရေး၊ နာရေးကိစ္စများ (ဧည့်ခံ၊ ကျွေးမွေးခြင်း)	၄	၆
၆	ဓမ္မစက်ာ်အဖွဲ့	၃	-	၂၅	၂၅	ဘာသာရေးနှင့် ယဉ်ကျေးမှု	၄	၆
၇	အရံမီးသတ်အဖွဲ့	၂	၁၈	-	၁၈	ကျေးရွာမီးဘေးကာရေးလုပ်ငန်းများလုပ်ဆောင်ရန်	၄	၆
၈	သမအသင်းစု	၁	၇	-	၇	ချေးငွေထုတ်ချေးခြင်း၊ချေးငွေကောက်ခံခြင်း	၅	၆
၉	မြစိမ်းရောင်ချေးငွေစီမံကိန်း	၁	၄	၃	၇	ချေးငွေရရှိရန် ဆက်သွယ်ဆောင်ရွက်ခြင်း	၅	၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာလ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူထုအခြေပြုအဖွဲ့များကို လုပ်ငန်းစဉ်အလိုက် စီမံခန့်ခွဲနိုင်စွမ်း၊

အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိသူများနှင့် တာဝန်ယူနိုင်သောကျေးရွာသူ/ ကျေးရွာသားများဖြင့်ဖွဲ့စည်းထားပါသည်။ ထို့ကြောင့်ကျေးရွာမှလုပ်ငန်းစဉ်အလိုက်ဖွဲ့စည်းထားသော လုပ်ငန်းအကျိုးဆောင်အဖွဲ့များသည် အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစွမ်းရည်မြင့်တင် ရေးဆိုင်ရာ ဗဟုသုတများ ရှာမှီးရန် လိုအပ်ပါသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇- ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၃ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

၂.၃.၁ စိုက်ပျိုးရေးသီးနှံ

၂.၃.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	၁၁.၉ %	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်(၁ဟတ်တာထိ)	၄	၃.၂ %	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၄၂	၃၃.၃ %	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄၃	၃၄.၁ %	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၂	၁၇.၅ %	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၂၆	၁၀၀ %	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာလ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စု (၁၂၆) စုတွင် (၈၈.၁%) နှုန်းသော အိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေဆီမြေဩ အသင့်အတင့် ကောင်းမွန်သောမြေများ ဖြစ်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ (၅) ဧကအောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် (၃၆.၅%) ရှိပြီး (၅ဧကမှ ၁၂ဧက) ကြားပိုင်ဆိုင်သော တောင်သူအလတ်မှာ (၃၄.၁%) နှုန်းနှင့်(၁၂) ဧက အထက်ပိုင်သော တောင်သူကြီး (၁၇.၅%) နှုန်းသာရှိပါသည်။ (၁၁.၉%) နှုန်းသော အိမ်ထောင်စုများသည် မြေယာမဲ့၊ စိုက်ပျိုးမြေလုံးဝမရှိသော လက်လုပ်လက်စား၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်စားသောက်သော မိသားစုများ ဖြစ်ကြပါသည်။

၂.၃.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်စေက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၄	ဆည်မြောင်း	-	-	-
၅	အဝီစိတွင်း	-	-	-
၆	လက်ဝင် ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ (ချောင်းရေ)		၂၁.၆၄	တနှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြား ရေအရင်းအမြစ်များ လက်လှမ်းမမီပါ။ ဥယျာဉ်ခြံ သီးနှံများကို ဇနီးချောင်းနှင့် ညောင်ပင်သာချောင်းတို့မှ ရေရရှိပါသည်။

၂.၃.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စေ့	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ပဲစဉ်းငုံ	၃၀၀	တင်း	၅	၁၂	၁၀	ကဆုန်၊ နယုန်	နည်း	များ	
ပြောင်း	၃၀၀	တင်း	၄၀	၇၀	၅၀	ကဆုန်၊ နယုန်	များ	လတ်	
ကြက်ဆူ	၈၀၀	တင်း	၃၀	၅၀	၄၀	ကဆုန်၊ နယုန်	နည်း	များ	သီးညှပ်အဖြစ် စိုက်ကြပါသည်
စပါး	၂	တင်း	၃၀	၇၀	၅၀	ဝါဆို၊ ဝါခေါင်	များ	လတ်	မိုးကောင်းသည့် နှစ်တွင်အထွက်နှုန်းကောင်းပြီး၊ မိုးခေါင်လျှင် သီးနှံလုံးဝမရပါ
သံပုရာ	၃					နွေ၊မိုး၊ ဆောင်း	များ	များ	နှစ်ရှည်ပင်
ဂရိတ်ဖရု	၁၀					နွေ၊မိုး၊ ဆောင်း	များ	များ	နှစ်ရှည်ပင်
လိမ္မော်	၁၀					နွေ၊မိုး၊ ဆောင်း	များ	များ	နှစ်ရှည်ပင်

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ရာဘာ	၁၀					နွေ၊မိုး၊ဆောင်း	များ	များ	နှစ်ရှည်ပင်
နဂါးမောက်	၀.၂၅					နွေ၊မိုး၊ဆောင်း	များ	များ	နှစ်ရှည်ပင်

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်ပါသည်။ သို့သော် ပိုးမွှားရောဂါကျရောက်ခြင်း၊ တောဝက်များဖျက်ဆီးကြခြင်း၊ စသောအကြောင်းများကြောင့် သီးနှံစိုက်ပျိုး ထုတ်လုပ်မှု လျော့ကျလာပါသည်။ ထို့ကြောင့် တောင်သူများကို ယာသီးနှံ၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးနည်းပညာရရှိရန် ချိတ်ဆက်ခြင်းနှင့် ပိုးမွှာရောဂါနှင့် မြေဆီလွှာထိန်းသိမ်းခြင်း နည်းပညာများရရှိရန်နှင့် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ် ပါသည်။

၂.၃.၁.၄ လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဧယား (၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ရေစုပ်စက်	၅	မရှိ	တောင်သူကြီးများ ပိုင်ဆိုင်ပြီး ဥယျာဉ်ခြံများ၌ နွေရာသီတွင် ရေတင်ခြင်းအတွက်သုံးပါသည်။ ပိုင်ရှင်များသာ အသုံးပြု ငှားမသုံးကြပါ။
မြက်ရိတ်စက်	၇	မရှိ	တောင်သူကြီးနှင့် တောင်သူအလတ်များ ပိုင်ဆိုင်ပြီး ငှားသုံးနိုင်ပါသည်။ ငှားသုံးသော ခြံရှင်မှ ဆီထည့်ပေးရပြီး ဆီရေသန့် တစ်ဘူးကုန်လျှင် (၅၀၀၀) ကျပ်ငါးထောင် တိတိပေးရပါသည်။

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက်၊ လက်တွန်းထွန်စက်များ မရှိကြပါ။ လယ်ယာလုပ်ငန်းများတွင် ကျွဲများကို အဓိကအသုံးပြုကြပါသည်။

၂.၃.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ြေဆီ၊သြဇာ)	ရှိ	မြေလွတ်များ၊ ပလပ်များ ရှိ၍ မြေယာ တိုးချဲ့နိုင်ပါသည်။ ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီမြေသြဇာ ကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ပါသည်။
ရေအရင်းအမြစ်	ရှိ	ဇနီးချောင်းနှင့် ညောင်ပင်သာချောင်းတို့မှ လယ်မြေနှင့် ဥယျာဉ်ခြံမြေများကို ရေသွယ်၊ ရေတင် စိုက်ပျိုးနိုင်ပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	သဘာဝ မြေသြဇာ ပြုလုပ်ရန် ကျွဲချေး၊နွားချေးများနှင့် စိုက်ခင်းများမှ စွန့်ပစ်သော ပြောင်းရိုးများ၊ မြက်အမှိုက်များ ၊သစ်ရွက်ဆွေးများ စသည့် တောင်ယာ၊ ဥယျာဉ်ခြံထွက် စွန့်ပစ်ပစ္စည်းများ ရှိပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	ကြယ်ပဲ စိုက်ပျိုးသီးနှံသည် သြဂဲနစ်ပိုးသတ်ဆေး တစ်မျိုးသာ အသုံးပြုရပါသည်။ ကျေးရွာတွင် ကြယ်ပဲ စတင်စိုက်ပျိုး နေပါသည်။
ချေးငွေရရှိမှု	ရှိ	စိုက်ပျိုးရေးဘဏ်၊ သမအသင်းစု၊ ကျေးရွာမှငွေတိုး ချေးသူများထံမှ ချေးငွေ ရရှိပါသည်။ မြို့နယ် ကျေးလက်ဦးစီးဌာန မြစိမ်းရောင် စီမံကိန်းမှလည်း ချေးငွေ ရရှိရန် ချိတ်ဆက်ထားပါသည်။
သွင်းအားစုဈေးကွက်	ရှိ	စိုက်ပျိုးရေး လုပ်ငန်းသုံး လယ်ယာသုံးကရိယာနှင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို မန္တလေးမြို့၊ ဇရပ်ကွင်းဈေးတွင် အလွယ်တကူ ဝယ်ယူ ရရှိနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	မရှိ	စိုက်ပျိုးရေးဝန်ဆောင်မှု လက်လှမ်းမမှီပါ။ မရရှိပါ။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ဇရပ်ကွင်း၊ ရွှေဘိုမြို့နှင့် မန္တလေးမြို့များနှင့် ကျေးရွာမှ သီးနှံပွဲစားများ ထံတွင်လည်း ရောင်းချနိုင်ပါသည်။ မန္တလေးမြို့နှင့် အဓိက ကုန်သွယ်ခြင်း ပြုလုပ်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တောင်သူအများစု၏ လက်ရှိစိုက်ပျိုးနေသော တောင်ယာမြေများအနီးတွင် ဖုန်းဆိုးမြေလွတ်များရှိ၍ မြေယာတိုးချဲ့နိုင်ပါသည်။ ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီမြေလွှာ ကောင်းမွန်သော မြေများဖြစ်ပါသည်။ နှစ်ရှည်ခံ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးဖြစ်ထွန်းပါသည်။ လယ်မြေနှင့် ဥယျာဉ်ခြံမြေများတွင် ရေတင်စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် သဘာဝမြေသြဇာ ပြုလုပ်ရန် ကျွဲချေး၊ မြက်များ၊ ပြောင်ရိုးနှင့် သစ်ရွက်ဆွေးများစွာရှိသောကြောင့် စိုက်ပျိုးမြေများ၊ စိုက်ကွက်များအတွင်းမှာပင် သဘာဝမြေဆွေကျင်းများ ပြုလုပ်နိုင်ပါသည်။ ကျေးရွာတွင် သဘာဝ ပိုးသတ်ဆေးကို ကြယ်ပဲတွင် စတင်သုံးစွဲနေပါသည်။ ကျေးရွာရှိ တောင်သူများသည် သွင်းအားစု ဈေးကွက်နှင့် ထုတ်လုပ်မှုဈေးကွက် ၊ ကုန်သွယ်မှုဈေးကွက်များကို လက်လှမ်း မှီပါသည်။

၂.၃.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	လွတ်လပ်စွာ စိုက်ပျိုးနိုင်သော် စိုက်ပျိုးမြေအများစုသည် မြေယာမှတ်ပုံ တင် ပုံစံ(၇) မလုပ်ရသေးသည့် မြေများရှိပါသည်။ မြေယာမှတ်ပုံတင် ပုံစံ (၇) လျှောက်ထားရန် ကျန်ပါသေးသည်။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	တောင်သူများ လိုအပ်သော စိုက်ပျိုး စရိတ်ချေးငွေ အလုံအလောက် မရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သော သွင်းအားစုဝယ်ယူရန် စိုက်ပျိုးရင်းနှီးငွေ မလုံလောက်ခြင်း။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ကျပန်း အလုပ်သမားများ ဝင်ငွေ ပိုကောင်းသော အခြားဝင်ငွေရအလုပ်များ လုပ်ကိုင်ကြခြင်း။
ဆည်မြောင်းရေရရှိမှု(ချောင်းရေ	ရှိ	စိုက်ပျိုးရေအလုံအလောက်မရရှိခြင်း
မိုးရေမလုံလောက်မှု	ရှိ	မိုးခေါင်သည့်နှစ်များတွင် မိုးရေ မလုံလောက် ခြင်းကို ကြုံတွေ့ရပါသည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	စိုက်ပျိုးရေးအတွက် သွင်းအားစုများဝယ်ယူရန် ငွေပိုငွေလျံမရှိခြင်းကြောင့် လိုအပ်သော သွင်းအားစုများကို ကြိုတင်မဝယ်နိုင်ဘဲ၊ လိုအပ်ချိန်မှသာ အနည်းငယ်သာသုံးစွဲနိုင်ခြင်း၊ အချိန်မှီ အသုံးမပြုနိုင်ခြင်း
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ပဲစင်းငုံသီးနှံနှင့် စီပီပြောင်းများတွင် သီးလုံး ဖောက်ပိုး ကျရောက်ပါသည်။ သံပုရာ၊ ဂရိတ်ဖရု၊ လိမ္မော်ပင်များတွင် အသီးကို လိပ်ပြာစုပ်ခြင်းနှင့် အပင်ပိုးဝင်ခြင်းတို့ ကြုံတွေ့ရပါသည်။
နည်းပညာအကူအညီနှင့်နည်း လမ်းများ	ရှိ	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမှီမှု မရှိပါ။
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	ကျေးရွာအတွင်းကုန်သည်ပွဲစားဈေးနှင့်သာ ရောင်းရခြင်း အကြွေးပေးစနစ်ဖြင့် ရောင်းရခြင်း။ အခြားဈေးကွက် (မူဆည်) လက်လှမ်းမမှီခြင်း။
အခြား(၁)	ရှိ	စီပီပြောင်းများအဖူးအစေ့ထည့်ချိန်မှ ရိတ်သိမ်းချိန်အထိ တောဝက်များ ဖျက်စီးခြင်းများ ကြုံတွေ့ရပါသည်။

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာလ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေ တိုးချဲ့ စိုက်ပျိုးနိုင်သော်လည်း လက်ရှိ စိုက်ပျိုးမြေများကိုပင် မြေယာမှတ်ပုံတင် ပုံစံ(၇) လုပ်ဆောင်ရန် ကျန်ပါသေးသည်။ ကျေးရွာရှိ တောင်သူများသည် မြေယာတိုးချဲ့လုပ်ဆောင်ရန် အရင်းအနှီးမလုံလောက်ခြင်းနှင့် မှတ်ပုံတင်ရရှိရန် အခက်အခဲရှိပါသည်။ တောင်သူများသည် စိုက်ပျိုးရေး သွင်းအားစုများအတွက်

လိုအပ်သောချေးငွေ အလုံအလောက်မရရှိခြင်း (အချိန်မှီချေးငွေမရရှိခြင်း၊ သင့်တင့်သော အတိုးနှုန်းဖြင့် လိုအပ်သောချေးငွေကို လိုအပ်သလောက်မရရှိခြင်း) စသော အခက်အခဲများရှိပါသည်။ ထို့ကြောင့် တောင်သူအများစုသည် တောင်သူ အသင်းအဖွဲ့လေးများစုပြီး ဒေသထွက်သီးနှံများနှင့် ဥယျာဉ်ခြံထွက်သီးနှံများကို စားသောက်ကုန်၊ အချို့ရည်၊ ယိုစုံထုတ်လုပ်သည့် ကုမ္ပဏီများနှင့် တိုက်ရိုက်တင်သွင်း ရောင်းချနိုင်သော၊ အာမခံချက်ရှိသော ဈေးကွက် ချိတ်ဆက်မှုမျိုး လုပ်ဆောင်ရန် လိုအပ်ပါသည်။

၂.၃.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂.၃.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၀	၃၀ကောင်
ကျွဲ	၂၈	၆၀ကောင်
ကြက်	၃၁	၅၇၆ကောင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေးကို စိတ်ဝင်စားမှု နည်းပါးသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

၂.၃.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ရေရရှိမှု	တိရစ္ဆာန်များအတွက် နှစ်ပါတ်လည် ရေရရှိမှု ရှိပါသည်။ ကျေးရွာတွင် ပြောင်းစိုက်ခင်း ရှိပြီး ပြောင်းရိုး၊မြက်များ ပေါများစွာ ရရှိပါသည်။
တိရစ္ဆာန်မျိုး	ကျေးရွာတွင် မွေးမြူသော ကျွဲနွား၊ ကြက်များသည် ဒေသမျိုးဖြစ်သော်လည်း ဒေသနှင့် ကိုက်ညီပြီး မျိုးသန့်ပါသည်။
ချေးငွေ	သမ၊ မြစိမ်းရောင်ချေးငွေများနှင့် လက်လှမ်းမှီပါသည်။
ဝန်ဆောင်မှုဈေးကွက်	ဇရပ်ကွင်း၊ ကိုးမိုင် တွင် တိမွေးကုဆရာဝန် များနှင့် ချိတ်ဆက်ကုသနိုင်ပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	လယ်ယာမြေများတွင် ခိုင်းရန်နီးစပ်ရာရွာများမှ ဝယ်ယူသူများထံတွင် ရောင်းချနိုင်ပါ သည်။ ဇရပ်ကွင်း၊ ၅ မိုင်၊ ၇မိုင် ကျေးရွာများတွင် ဝက်ဒိုင်၊ အမဲဒိုင်များရှိပါသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် အိမ်ခြံဝန်းမြေနေရာ လုံလောက်မှု ရှိပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဗဟုသုတ	ကျွဲနွားများ ကာကွယ်ဆေးထိုးရန် လိုအပ်ကြောင်း မွေးမြူရေးဆိုင်ရာ ဗဟုသုတရှိကြ ပါသည်။
တိရိစ္ဆာန်မွေးမြူရေးအတွက် အဆောက်အဦးလက်လှမ်းမီမှု	တိရစ္ဆာန်မွေးမြူရန်အတွက် လိုအပ်သော သစ်၊ဝါးများ ပေါများစွာရရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးအတွက် အစာရေစာ၊ ခြံဝန်းကျယ်ခြင်း၊ ဈေးကွက်ရှိခြင်းစသော အခွင့်အလမ်းများ ရှိပါသည်။

၂.၃.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	ချေးငွေရရှိသော်လည်း (မြစိမ်းရောင်၊ သမ) မလုံလောက်ပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	နှစ်စဉ်လို ရောဂါကျရောက်မှု ရှိပါသည်။
သွင်းအားစုဈေးကွက်	ပြောင်းခင်းများ၊ ငှက်ပျောခြံများ၊ များပြားလာပြီး မြေပြန့်လွင်ပြင်နည်းပါး ခြင်းကြောင့် စားကျက်များ ရှားပါးလာပါသည်။
ဝန်ဆောင်မှုဈေးကွက်	တိမ်းကု ဦးစီးဌာနမှ ပုံမှန်လာရောက်လေ့ မရှိဘဲ ပုံမှန်ကာကွယ်ဆေးထိုးနိုင်ခြင်း မရှိပါ။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	ကာကွယ်ဆေးထိုးရန် ဗဟုသုတရှိသော်လည်း ၃နှစ်တကြိမ်မှသာ ထိုးကြပါသည်။ ထိုးရန် လက်လှမ်းမှီမှုနည်းပါးပါသည်။ တိကုဋ္ဌာနမှလည်းအမြဲ လာရောက်ခြင်းမရှိပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တိရစ္ဆာန်မွေးမြူရေးအတွက် နှစ်စဉ်လို ရောဂါကျရောက်မှု ရှိပါသည်။ ကျွဲနွားများမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲနာ၊ ခါတ်ချုပ်နှင့် အသည်းပိုး ရောဂါများ ကျရောက်တတ်ပါသည်။ မွေးမြူရေးနှင့် ပါတ်သက်ပြီး နည်းပညာနှင့် ကာကွယ်ဆေး လက်လှမ်းမီမှုမှာ အားနည်းနေပါသေးသည်။ ကျေးရွာသားများသည် အစဉ်အဆက်က စိုက်ပျိုးရေးလုပ်ငန်းကိုသာ ဆောင်ရွက်လာကြသဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးဖြင့် ဝင်ငွေတိုးသည်ကို မရရှိဘဲ မွေးမြူရေးလုပ်ကိုင်ရန် စိတ်ဝင်စားမှု အားနည်းကြပါသည်။

၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

၂.၃.၃.၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း	၈၀			ဝါးခုတ်(၃၀)ဦး၊ မျှစ်ချိုး (၅၀)ဦး၊ (လတ်) ပွင့်လင်း ရာသီများတွင် ဝါးခုတ်ခြင်းပိုမို လုပ် ဆောင်ရပြီး ရောင်းအား ပုံမှန်ရှိ၊ ဝင်ငွေအသင့်အတင့် ရှိသောကြောင့် မိသားစု ရပ်တည်နိုင်မှု အတွက် အထောက်အကူ အသင့်အတင့် ဖြစ်ပါသည်။
၂	ထုတ်ကုန်လုပ်ငန်း	၈၉			တနိုင်တပိုင် မျှစ်ချဉ်လုပ်ငန်း (၈၀) ဦး၊ ဝါးတူလုပ်ငန်း(၁)ဦး (လတ်) တနိုင်တပိုင် မျှစ်ချဉ် လုပ်ငန်းသည် ကုန်ကြမ်းရရှိမှု လွယ်ကူ ၊ ဈေးကွက် ရှိပြီး လုပ်ငန်းအမြတ်မှာ ထက်ဝက် နီးပါးရရှိသောကြောင့် မိသားစု ရပ်တည်နိုင်မှု အသင့်အတင့် အထောက်အကူ ဖြစ်ပါသည်။ (လတ်) မီးသွေးဖုတ်ခြင်း ထရံ ယက်လုပ်ခြင်း (၂) ဦး၊တောင်း ပလိုင်းယက်လုပ်ခြင်း(၅)ဦး
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း		၈		လက်သမား(၅)ဦး၊ ပန်းရံ (၃)ဦး၊ (လတ်) လက်သမား ၊ ပန်းရံလုပ်ငန်းသည် ကျေးရွာ အဆင့်သာ ဆောက်လုပ်နိုင်ပြီး လုပ်ငန်းကျွမ်းကျင်မှုရှိပြီး၊ အခြားနီးရွာ ကျေးရွာ(၃)ရွာ တွင် ဆောင်းနှင့်နွေရာသီများ တွင် ပုံမှန်အလုပ်ရှိ ၊ ပုံမှန် ဝင်ငွေ ရှိ၍ မိသားစု ရပ်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
					တည်နိုင်မှု အတွက် အသင့်အတင့် အထောက်အကူ ပြုနိုင်ပါသည်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၂			စက်ချုပ် (၂) ဦး၊ (နည်း) စက်ချုပ်လုပ်ခြင်း သည် ကျေးရွာအတွင်းမှသာ ချုပ်ထည်ရရှိပြီး ပုံမှန် အပ်ထည်မရှိ ဝင်ငွေပုံမှန် မရှိသောကြောင့် မိသားစု ရပ်တည်နိုင်မှု အထောက်အကူ အနည်းငယ်သာ ရှိပါသည်။
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၁၆			(လတ်) ဥယျာဉ်ခြံ သီးနှံ ရောင်း ဝယ်ခြင်းနှင့် သီးနှံစုံ ရောင်းဝယ် ခြင်း ၅ ဦး၊ သစ်တောထွက် ပစ္စည်း (သစ်၊ ဝါး၊ မျောတိုင်)ရောင်းဝယ်ခြင်း လုပ်ငန်း၅ ဦး၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန် ၊ အိမ်ဆောက်ပစ္စည်းများ ရောင်းခြင်းလုပ်ငန်း ၆ ဦး သည် မိသားစု ရပ်တည်နိုင်မှု အထောက်အကူ အသင့်အတင့် ဖြစ်ပါသည်။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ် ငန်း	၄			လက်ဖက်ရည်ဆိုင်(၄)ဦး၊(မြင့်) လက်ဖက်ရည် ဆိုင်များသည် ရောင်းအား ကောင်းသော ကြောင့် မိသားစု ရပ်တည် နိုင်မှုအထောက်အကူ များစွာ ဖြစ်ပါသည်။
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၈			ကုန်ကားမောင်းသူ(၈)ဦး (လတ်)
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ် ရေး နှင့် ဘေးကင်းလုံခြုံရေး)		၁		အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်း(၁) ဦး ၊
၁၃	ပညာရေး		၁		(လတ်) ပညာရေးဝန်ထမ်း (၁)ဦး၊
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားအငှားလိုက်လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်း	**၁၉၉**	**၁၀**		

- **စွန့်ဦးလုပ်ငန်းရှင်ပေါင်း – ၁၉၉**
- **ကျွမ်းကျင်လုပ်သားပေါင်း**
- **ကျပန်းလုပ်သားပေါင်း**

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ရေရှည် ဖွံ့ဖြိုးနိုင်သော ကျေးရွာအခြေပြုစီးပွားရေးလုပ်ငန်းများ ကို စွန့်ဦးတီထွင် လုပ်ဆောင်သင့်ပါသည်။

၂.၃.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
မျှစ်ချဉ်လုပ်ငန်း ကျေးရွာတွင် ကုန်ကြမ်းများစွာ ထွက်ရှိပါသည်။ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ပါသည်။ ဈေးကွက်လည်း ရှိပါသည်။ ကုန်သည်များနှင့် တိုက်ရိုက်ချိတ်ဆက်ရောင်းချနိုင်ပါသည်။	ဈေးနှုန်းမတည်ငြိမ်ခြင်း၊ ကုန်သည်ပေးသည့်ဈေးနှင့် ရောင်းရခြင်း ၊ ကုန်သည်မှ အလေးချိန်ကို လျော့ချခြင်း တို့ကြောင့် အလေးချိန် အမှန်မရခြင်း၊ အမြတ်နည်းခြင်းတို့ ကြုံတွေ့ရပါသည်။ စနစ်တကျ ထုပ်ပိုးပြီး ကိုယ်ပိုင် ဈေးကွက် ထိုးဖောက် လုပ်ကိုင်နိုင်ခြင်း မရှိပါ။
ဝါးတူလုပ်ငန်း ကျေးရွာတွင် ကုန်ကြမ်းဝါးကိုအနီးအနား သစ်တော တွင် အလွယ်တကူ ရရှိပါသည်။	မီးစက်မောင်းပြီး လုပ်ငန်းလုပ်ရသောကြောင့် လုပ်ငန်းကုန်ကျ စရိတ်အရင်းအနှီး ပိုများပါသည်။ မိုးရာသီတွင် ဝါးတူများကို အခြောက်လှန်းရန် အခက်အခဲ ရှိပါသည်။

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
စက်ဖြင့် ထုတ်လုပ်သောကြောင့် ထွက်ရှိသော ဝါးတူများသည် အရည်အသွေးမှီပြီးဈေးကွက် ရှိပါသည်။	
ဝါးထရံယက်လုပ်ခြင်းလုပ်ငန်းတွင် ကျွမ်းကျင်မှု ရှိပါသည်။ ထရံများကို ကျေးရွာနှင့် အခြားကျေး ရွာများတွင် ဈေးကွက်ရှိသည့်အပြင် ဧရပ်ကွင်း အိမ်ဆောက်ပစ္စည်းဆိုင်များသို့ တင်သွင်း ရောင်းချနိုင်ပါသည်။	မိုးရာသီတွင် ဈေးကွက်ရောင်းအား မကောင်းပါ။ ဝါးနှီးများကို သိုလှောင်ထားရန် အရင်းအနှီး အခက်အခဲ ရှိပါသည်။
ပလိုင်းယက်လုပ်ခြင်းလုပ်ငန်း	
လုပ်ငန်းကျွမ်းကျင်မှုရှိပါသည်။ ကျေးရွာနှင့် အခြား ကျေးရွာ (၃) ရွာတွင်ဈေးကွက် ရောင်းအား ရှိပါသည်။	ဝါးကို အခြေခံပြုလုပ်သော လက်မှုလုပ်ငန်းများ လူသုံး ကုန် ပစ္စည်းများ ယက်လုပ်သည့် နည်းပညာမရှိခြင်း ။
ကျေးရွာတွင် ဝါးကို အခြေခံသော လက်မှု လုပ်ငန်းများ လုပ်ဆောင်ရန် ဝါးများ အလွယ် တကူ ရရှိနိုင်ပါသည်။	
မြေယာမဲ့ ကျပန်း လက်လုပ်လက်စား မိသားစုများ ဝါးအခြေခံသော (ဝါးကုလားထိုင်၊ ဝါးခမောက်၊ ဗန်း၊ စကော၊ စကာနှင့် တောင်း အမျိုးမျိုး)ယက်လုပ်ရန် စသည့်လက်မှု လုပ်ငန်းများ လုပ်ဆောင်ရန် စိတ်ဝင်စား ကြပါသည်။	
အဆင့်မြင့်ဈေးကွက်ဝင် စားသောက်ကုန် လုပ်ငန်း	နည်းပညာနှင့် အရင်းအနှီးလက်လှမ်းမှီခြင်းမရှိပါ။ စွန့်ဦးတီထွင်နိုင်ခြင်းမရှိခြင်း။
ကျေးရွာတွင် ဒေသထွက် ဥယျာဉ်ခြံသီးနှံများ (သံပုရာ ၊ဂရိတ်ဖရု ၊ လိမ္မော်၊ ငှက်ပျော၊ မျစ်) များစွာ ထွက်ရှိပါသည်။	လျှပ်စစ်မီးမရခြင်း

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာလ လ၊ ၂၀၁၅ နှစ်)

၂.၃.၄ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ဧရပ်ကွင်း ကျေးရွာ (၅)မိုင်၊ ၇မိုင် ကျေးရွာ (၄)မိုင်	မန္တလေး (၈၅)မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်	လိုင်းကား၊ ဆိုင်ကယ်	လိုင်းကား (မိုးကုတ်ကား)

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
၎င်း၏ အထောက်အပံ့များ		
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်မှုပေးနိုင်မှု	အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ စားသောက်ကုန်၊ အိမ် ဆောက်ပစ္စည်း	စိုက်ပျိုးရေးသုံး ပစ္စည်းများ၊ အိမ်ဆောက် ပစ္စည်း၊ အဝတ်အထည်၊ ယာဉ်များ
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်း	အလွန်ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသားများ အနေဖြင့် ကျေးရွာမှ ထွက်ရှိသော ကုန်ပစ္စည်းများ၊ ဝယ်ယူလိုသော ကုန်ပစ္စည်းများကို ဝယ်ယူရန်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ဈေးကွက် လက်လှမ်းမီမှုရှိပါသည်။ လိုအပ် သောအသုံးအဆောင်ပစ္စည်းများဝယ်ယူရန်အတွက် ဇရပ်ကွင်းနှင့် ၇ မိုင်ဈေးများသို့ အသွားများကြပြီး ကျေးရွာမှထွက်သော ဥယျာဉ်ခြံထွက် အသီးအနှံများကို မန္တလေး ဈေးသို့ ရောင်းချကြပါသည်။ ကျေးရွာနှင့် ဇရပ်ကွင်းသို့ ကျောက်လှည်းဘီးမှ ထွက်သော လိုင်းကား ရှိသကဲ့သို့ မန္တလေးသို့ သွားလိုလျှင် မိုးကုတ်မှထွက်သော ကားဖြင့် သွားနိုင်ပါသည်။

၂.၃.၅ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရ မည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
မြန်မာ့စိုက်ပျိုးရေးဘဏ်	ချေးငွေ	၆လ	၅ဝ‌ပြား	ရှိ	ပုံစံ(၇)ရှိမှရ
သမဘဏ်	ချေးငွေ/စုငွေ	၆လ	တစ်ကျပ်တစ်ဆယ့်ငါးပြား	မရှိ	လိုသလို ချေး၍မရ
မြစိမ်းရောင်	ချေးငွေ	တစ်နှစ်	တစ်ကျပ်	မရှိ	လိုသလိုချေး၍ မရ
အပေါင်ဆိုင်	ချေးငွေ	သတ်မှတ်ထား သည့်အတိုင်း	၃ကျပ်	ရှိ	သင့်လျော်သောအတိုးနှုန်းမရှိခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ဘဏ်၊ သမ၊ မြစိမ်းရောင်၊ အခြား ဒေသတွင်းချေးငွေပေးသူများထံမှ ချေးငွေရနိုင်သော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများတိုးချဲ့ရန် လုံလောက်မှုနည်းပါသည်။

၂.၃.၆ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင်ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၃.၆.၁ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	မြင့်မား	ကျေးရွာရှိ စိုက်ပျိုးမြေ အများစုသည် တောင်ကုန်း၊ တောင်ပေါ်နှင့် လျှိုမြောင်းများတွင်ရှိပြီး မြေဆီလွှာ ထိန်းသိမ်းခြင်းကို စနစ်တကျ မလုပ်နိုင်ခြင်းတို့ကြောင့် မြေဆီမြေလွှာ တိုက်စား ပျက်စီးခြင်း များပါသည်။
အပင်မျိုးစိတ်များ	-	-
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	အသင့်အတင့်	သီးနှံများ ပိုးမွှားရောဂါ ကျရောက်ပါက ဓာတုဆေးဝါးများကိုသာ အဓိကသုံးပြီး ဓာတု ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများကို စနစ်တကျ မသုံးတတ်ခြင်းတို့ကြောင့် စိုက်ပျိုးပင်များနှင့် လူများတွင် အန္တရာယ်ကျရောက်ခြင်း အသင့်အတင့် ရှိပါသည်။
ရေအရင်းအမြစ်	အသင့်အတင့်	ရေထွက်ချောင်းများ၏ အထက်တွင် ကုမ္ပဏီ စိုက်ကွက် များဧက များစွာ လုပ်ဆောင် ခြင်းကြောင့် သစ်တော ပျက်စီးခြင်းများပြီး ရေထွက်အားဆုတ်လျော့ခြင်းနှင့် ထိုစိုက်ခင်းများမှ စက်များဖြင့် ရေသွယ်စိုက်ပျိုးသောကြောင့် ရေထွက်ချောင်းများ၏ အောက်ပိုင်းတွင်ရှိသော ဒေသခံတောင်သူများ၏ လယ်မြေများတွင် စပါးမစိုက်ပျိုးနိုင်ခြင်းနှင့် ဥယျာဉ်ခြံသီးနှံများတွင် ရေရရှိမှု နည်းလာပြီး အသီးအထွက်နှုန်းလျော့နည်းလာနိုင်သောကြောင့် ထိခိုက်မှု အသင့်အတင့် ရှိပါသည်။
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	အသင့်အတင့်	ကျေးရွာအိမ်ထောင်စုများမှ ပလပ်စတစ်များကို ကျေးရွာအနီး သစ်တောနှင့် စိုက်ကွက်များတွင် စွန့်ပစ်ခြင်း ၊ မီးရှို့ခြင်းတို့ လုပ်ဆောင်ပြီး ပိုးသတ်ဆေးဘူးများကိုလည်း စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင် မသန့်ရှင်းမှုနှင့် အပင်နှင့်မြေဆီ မြေဩဇာ ထိခိုက်ခြင်းတို့အသင့်အတင့် ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အသိနည်းပါးကြပါသည်။

၂.၃.၆.၂ သဘာဝဘေးအန္တရာယ်လျော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျော့ချခြင်း

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း	မိုးများသည့်အချိန်တွင် ဇနီးချောင်းဘေးရှိ ဥယျာဉ်ခြံများတွင် ချောင်းရေလွှမ်းခြင်းကြုံတွေ့ရပါသည်။	တောင်သူများမှ မြေသား ကန်သင်းများတနိုင်တပိုင် ပြုလုပ်ကြပါသည်။
မီးဘေး	လတ်	နွေရာသီတွင် တောမီးသည် ကျေးရွာသို့ ကူးစက်လောင်ခြင်း ကြုံတွေ့ဖူးပါသည်။	ဆောင်းအကုန် နွေရာသီ အကူးတွင် ကျေး ရွာမှ မီးသတ်အဖွဲ့တို့ဦးဆောင်ပြီး မီးတားလမ်းများ ဖောက်လုပ်ကြပါသည်။
မုန်တိုင်း	နည်း	မိုးဦး ၊မိုးလယ် ကာလများတွင် မိုးသက်လေပြင်းတိုက်ခိုက်သောကြောင့် သီးနှံ၊သစ်သီးများ ကျိုးပဲ့ပျက်စီးခြင်း အနည်းငယ် ကြုံတွေ့ရပါသည်။	ကြိုတင်ကာကွယ်ခြင်း မပြုလုပ်နိုင်ပါ။
ငလျင်	လတ်	နှစ်စဉ်လတိုင်းအကန့် အသတ်မရှိကြုံတွေ့နိုင်ပါသည်။ဘာသာရေး၊ ပညာရေးအဆောက်အဦးများ ပျက်စီး၊အက်ကွဲခြင်း ကြုံတွေ့ရပါသည်။	ကျေးရွာမှ ပျက်စီးခြင်းများကိုသာ ပြုပြင်နိုင်ပြီး၊ ကြိုတင် ကာကွယ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရမည့် အသိပညာမရှိခြင်း တို့ကြောင့် ကြိုတင် ကာကွယ်ခြင်း မလုပ်နိုင်ပါ။ နိုင်ငံတော်မှ ကျေးရွာ ဘုန်းကြီးကျောင်းများတွင် ငလျင်ဒဏ်ခံနိုင်သောအဆောက်အဦးကို စံပြဆောက်လုပ် လှူဒါန်းထားပါသည်။
မိုးခေါင်ခြင်း	နည်း	မိုးခေါင်ခြင်းနှစ်စဉ် အနည်းငယ် ကြုံတွေ့ရပါသည်။ သီးနှံ စိုက်ပျိုးချိန် နောက်ကျခြင်းတို့ကြုံတွေ့ရပါသည်	မိုးကျပါကအသင့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးမြေများကို ကြိုတင်ပြင်ဆင်ထားကြပါ သည်။
တိရစ္ဆာန် ရောဂါ ဖြစ်ပွါးမှု	လတ်	ကျွဲ၊နွားများတွင် လည်ချောင်း ကွဲ၊ ခွာနာ၊ လျှာနာ ရောဂါ နှင့်ကြက် ဝမ်းကျ ၊ ကြက်နာ ရောဂါ နှစ်စဉ်ဖြစ် ပွားတတ်ပါသည်။	မြို့နယ်မွေးမြူရေးဌာနမှ သုံးနှစ်တစ်ကြိမ် လောက် ကာကွယ်ဆေးထိုးရန် လာရောက်ပါသည်။

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ချရေး အလေ့အကျင့်များ
လူရောဂါ ဖြစ်ပွါးမှု	လတ်	ငှက်ဖျား၊ ရာသီဖျား နှစ်စဉ် ဖြစ်ပါသည်။	ငှက်ဖျားဇရိယာဖြစ်သော်လည်းကျန်းမာရေး အသိပညာရရှိခြင်း၊ ကာကွယ်ခြင်းများကြောင့် ဖြစ်ပွားခြင်း လျော့ကျ လာပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇ - ၈ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ငလျင်၊ မိုးခေါင်ခြင်းကို အနည်းအများ ကြုံတွေ့ရပါသည်။ ကျေးရွာသားများမှ ကာကွယ်ထိန်း သိမ်းနည်းများ လက်လှမ်းမှီမှုမရှိကြပါ။

၂.၄ ပညာရေး

၂.၄.၁ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက်၊ ကျောင်းနေ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	–	–	–	
ဘာသာရေးအခြေပြုပညာရေး	၁၂	၆	၁၈	၄.၁ %
မူလတန်းမပြီးမီကျောင်းထွက်သူများ	–	–	–	
မူလတန်းပညာရေးပြီးဆုံးသူများ	၁၄၆	၁၇၀	၃၁၆	၇၁.၉ %
အလယ်တန်းပညာရေးပြီးဆုံးသူများ	၄၉	၃၈	၈၇	၁၉.၈ %
အထက်တန်းပညာရေးပြီးဆုံးသူများ	၂	၃	၅	၁.၁ %
တက္ကသိုလ်ပညာပြီးဆုံးသူများ	၆	၇	၁၃	၂.၉ %
၉ နှစ်အထက်လူဦးရေပေါင်း	၂၁၅	၂၂၄	၄၃၉	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာမတတ်သူ တစ်ယောက်မျှ မရှိဘဲ၊ အများစုသည် အခြေခံမူလတန်း အောင်မြင်ပြီးသူများ ဖြစ်ကြပါသည်။ အထက်တန်း၊ တက္ကသိုလ်တက်ရောက် ပြီးစီးသူသည် ရာခိုင်နှုန်းအား ဖြင့် နည်းပါသည်။ ကျေးရွာရှိ မူလတန်းမပြီးမီ ကျောင်းထွက်သူများ စာရင်းကို ကောက်ယူခဲ့ခြင်းမရှိပါ။

၂.၄.၁.၂ ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၃၀	၂၄	၅၄	၁၁၂.၅ %
အလယ်တန်း (၁၀-၁၄နှစ်)	၁၁	၁၉	၃၀	၇၅.၀ %
အထက်တန်း (၁၅-၁၆နှစ်ကြား)	၁	၁၀	၁၁	
တက္ကသိုလ်ကျောင်းသား၊သူ		၅	၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် (၅-၉) နှစ်ရွယ် ကလေး ၄၈ ဦးရှိပြီး၊ ထိုကလေးများ အားလုံး ကျေးရွာ မူလတန်းကျောင်းတွင် တက်ရောက်နေကြပါသည်။ မူလတန်းကျောင်းသားများတွင် ၅ နှစ်မှ ၉ နှစ်ကျော်သော ကျောင်းသူသားများလည်း ပါဝင်နိုင်ပါသည်။ ကျေးလက်ဒေသအများစုတွင် အသက် ၅ နှစ်ကျော်မှ ကျောင်းနေလေ့ရှိကြပါသည်။

၂.၄.၁.၃ စာသင်ကျောင်းဆောင်အခြေအနေ

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်					
စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ၊ အမြင့်)	၇၂ပေ၊ ၃၂ပေ၊ ၁၂ပေ					
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊အုတ်နံရံ၊ အင်္ကတေ					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	မရှိ					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁	၄	၅			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းရှိ၍ လက်လှမ်းမီသော်လည်း အလယ်တန်း အထက်တန်း လက်လှမ်းမီမှုများအောင် လုပ်ဆောင်ရမည်။

၂.၄.၁.၄ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၅ဦး
တပည့်- ဆရာ အချိုး	၁၁: ၁

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
မူလတန်းပညာ ကျောင်းထွက်နှုန်း	မူလတန်းပညာကျောင်းထွက်နှုန်း မရှိပါ။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	ပညာရေးဌာနနှင့် ယူနီဆက်တို့မှ ထောက်ပံ့ပြီး လုံလောက်မှုရှိ
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ကျောင်းစရိတ် မတတ်နိုင်မှုအတွက် အလယ်တန်းတွင် ကျောင်းထွက်ရပြီး အထက်တန်းသို့ တက်ရောက်မှု မပြုနိုင်ကြပါ။
မိဘဆရာအသင်း၏ အခန်းကဏ္ဍ	မိဘဆရာအသင်းသည် ကျောင်းလုံခြုံရေး၊ ကျောင်းဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍများတွင် ကျောင်းအုပ်ကြီးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းကို ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော်လည်း အစိုးရခန့် ကျောင်းဆရာမ/ဆရာ တည်မြဲမှုမရှိပေ။ ကျေးရွာသည် အိမ်ခြေနည်းပြီး ဖွံ့ဖြိုးမှုနည်းပါးသဖြင့် အဆင်ပြေရာဒေသများသို့ ပြောင်းရွှေ့သွားကြသည့်အတွက် နှစ်စဉ်လို ဆရာအင်အား လုံလောက်မှုမရှိပေ။ ဝါးဖြူတောင်သည် ရွာနှင့် (၃)မိုင်ခန့်သာ ဝေးသော်လည်း တောင်တက်တောင်ဆင်း သွားရခြင်း၊ အကွေ့အဝိုက်များခြင်းတို့ကြောင့် ကလေးများကိုယ်တိုင် စက်ဘီးနှင့် ကျောင်းမတက်နိုင်ပေ။ ၁၉၉၅ခုနှစ် မတိုင်ခင် အချိန် များတွင် နိုင်ငံတော်ပိုင် အမှတ်(၉)ကျောင်းကားရှိသော်လည်း နောက်ပိုင်းတွင် ကျောင်းကား မရှိတော့ပေ။ အလယ်တန်းတက်သော ကလေးများအတွက် ကျောင်းကြိုပို့ကယ်ရီခတစ်လ(၁၅၀၀၀)ကျပ်ရှိပြီး ဝါးဖြူတောင်တွင် အဆောင်ထားပါက အဆောင်လခ တစ်လလျှင် (၃၀၀၀၀)ကျပ် ပေးရပါသည်။ ဆင်းရဲသော မိသားစုများအတွက် ကလေးများကို အလယ်တန်း ပညာရေးအဆင့်သာ ကျောင်းထားနိုင်ပြီး အထက်တန်း တက်ရောက်နိုင်ခြင်း မရှိတော့ပေ။ အချို့မှာ အလယ်တန်း ပြီးဆုံးအောင် တက်ရောက်နိုင်ခြင်း မရှိတော့ဘဲ အလယ်တန်းနှင့် ကျောင်းထွက်ကြရပါသည်။ ကျေးရွာလူငယ်များသည် ပညာရပ်ကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ မျှစ်ချိုး၊ သစ်ခုတ်၊ ဝါးခုတ်သည့် ပေါ်ပင်အလုပ်များကိုသာ ဆောင်ရွက်နေကြပါသည်။ ကလေးများသည် မူလတန်းအောင်မြင်ပြီး အလယ်တန်း၊ အထက်တန်း ပညာတက်ရောက်နိုင်ရန်အတွက် ကျောင်းကားများ စီစဉ်နိုင်လျှင် ပို၍ကောင်းမွန်သော ပညာအဆင့်ကို လက်လှမ်းမီမည် ဖြစ်ပါသည်။

၂.၅ ကျန်းမာရေးနှင့်အာဟာရ

၂.၅.၁ အဖြစ်များသောရောဂါ

ဇယား (၃၁) အဖြစ်များသောရောဂါ

၁.ရာသီတုပ်ကွေး	၂.သွေလွန်တုပ်ကွေး	၃.	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးမှလွဲ၍ အခြားရောဂါဖြစ်ပွားမှုနည်းပါသည်။

၂.၅.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း /ကုတင် (လုံ လောက်မှု ရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဆေးပေးခန်း	(၃)မိုင်	ရှိ	သားဖွားဆရာမ (၁)ဦး	လုံလောက်	ဝါးဖြူတောင်အုပ်စု ဆေးခန်း
ကြာအင်း စစ်ဆေးရုံ	(၇)မိုင်	ရှိ	ဆရာဝန်..... သူနာပြု..... သားဖွားဆရာမ.. ကျန်းမာ ရေး လုပ်သား	လုံလောက်	ကုတင် (၁၀၀)ဆန့် ဆေးရုံ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပါတ်သက်ပြီး ပြဿနာ ကြီးကြီးမားမား မရှိသော်လည်း ဝန်ဆောင်မှုကို တိုးမြှင့်ပေးပါက ပြည့်စုံသော ကျန်းမာရေး ဝန်ဆောင်မှုကို ရရှိမည် ဖြစ်ပါသည်။

၂.၅.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေ အ တွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေသွယ်တန်းခြင်း	၃	ကောင်း	ရှိ	ရှိ	ရှိ	သောက်ရေ၊ သုံးရေရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများ အားလုံးအတွက် နှစ်ပတ်လည် ရေလုံလောက်မှု ရှိပါသည်။ စိမ့်စမ်းရေသည် သန့်စင်ပြီး သောက်သုံးရေအဖြစ် အသုံးပြုနိုင်ပါသည်။ ရေသန့် ထုတ်လုပ်ပြီး စီးပွားဖြစ် ရောင်းချနိုင်ပါသည်။

၂.၅.၄ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၂၆	အိမ်ထောင်စုများအားလုံး ယင်လုံအိမ်သာ သုံးစွဲကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာ သုံးစွဲကြပါ သည်။

၂.၆ လမ်းတံတားတည်ရှိမှု

၂.၆.၁ ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား (၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည် ဆောက်ခဲ့သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး	
ရွာတွင်းလမ်း	၂	ကောင်း	၁၉၆၀		သုံးလို့ရ	၆ဖာလုံ
ချဉ်းကပ်လမ်း						

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ -၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မန္တလေး မိုးကုတ်လမ်းပေါ်တွင်တည်ရှိ၍ ကျေးရွာတွင်းလမ်းသည် ကတ္တရာလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား	သံကူကွန်ကရစ် (၃၀ပေ၊၂၄ပေ) (၅၀ပေ၊၂၄ပေ)	ကောင်း	၁၉၆၀ ၂၀၀၂		သုံးလို့ရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

၂.၆.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး အကွာအဝေး(ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
		ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း			
ပင်လယ်ရေကြောင်း			
၁ “ လှေ၊သမ္ဘာန်	၂ - မော်တော်	၃ - သဘော်ဘာ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး လက်လှမ်းမီမှုမရှိပါ။

၂.၆.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	ဆိုင်ကယ်	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ထရပ်စ်ကား	မြင်းလှည်း
အရေအတွက်			၁၀၀	၄		၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု အများစုသည် အနီးအနားကျေးရွာများသို့ ဆက်သွယ်သွားလာရေးအတွက် ဆိုင်ကယ်အသုံးများကြပါသည်။

၂.၇ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
ဆိုလာစနစ်	၆၁	သင့်	မရှိ
ဒီဇယ်သုံးအင်ဂျင်	၁	ကောင်း	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများသည် ဆိုလာမီး၊ ဒီဇယ်အင်ဂျင်မီးကိုသာ လက်ရှိသုံးစွဲနေကြပြီး၊ လျှပ်စစ်မီးလက်ရှိသွယ်တန်းနိုင်ခြင်းမရှိသေးပေ။

၂.၈ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေအတွက်	၅၁	၅	၇၃			စလောင်း ၄

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဆက်သွယ်မှု ကောင်းမွန်ပါသည်။

၂.၉ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	လွှက်ရည်ဆိုင် (၂)ဆိုင်တွင် SKY NET အစီအစဉ်များကို ကြည့်ရှုနိုင်ပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	သာရေး နာရေး မင်္ဂလာပွဲ၊ အလှူပွဲများတွင် ထင်းရှူခြင်း၊ မဏ္ဍပ် ထိုးခြင်း၊ ဧည့်ခံ ကျွေးမွေးခြင်း၊ ပစ္စည်း သယ်ပို့ခြင်း တို့ကို ဆောင်ရွက်ကြပါသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဝါတွင်းကာလတွင် ဆွမ်းတော်ကြီးခံ အဖွဲ့ဖွဲ့ပြီး အပါတ်စဉ် အဖိတ် နေ့တိုင်း အလှူခံ၊ နှစ်စဉ် ကျင်းပပြုလုပ်သော ဘုရားတွင် ဝေယျာဝစ္စ ပြုလုပ်ပေးခြင်း၊အမျိုးသမီးများ ဝတ်ရွတ်ခြင်း၊ အဖိတ်နေ့တိုင်း ဘုန်ကြီးကျောင်း သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ရေကန်များ လဲလှယ်ခြင်း တရားပွဲ နှစ်စဉ်ရှိပြီး လူငယ်များ ပါဝင်ကြပါသည်
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	ရှိ	ကျေးရွာတွင်း ဘောလီဘော ကစားခြင်း ၊ လယ်ရိတ်သိမ်းချိန်တွင် ဘောလုံးကစားခြင်း ပြုလုပ်နိုင်ကြပါသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာတွင် နှစ်စဉ်လို တောမီးများ ကူးလာလေ့ရှိ၊ သံချောင်း ခေါက်ခြင်း၊ မီးနှင့်နီးသည့် အိမ်ခေါင် မိုးများပေါ်တွင် ရေပုံးများဖြင့် ကြို၍ စောင့်နေခြင်း လူငယ်များသည် မီးလှန့်ရေးတွင် ပါဝင်ဆောင်ရွက်ကြပါသည်။

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	သက်ကြီးပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင် တန်းနှစ်စဉ်ဖွင့်လှစ်ခြင်း
စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက်အား ဆရာမနေအိမ် ပြုလုပ်ခြင်းအတွက် စာကြည့်တိုက် မဖွင့်နိုင်ခြင်း၊ စာအုပ်စုံလင်မှု မရှိခြင်း၊တယ်လီဖုန်း အသုံးပြုမှုရရှိသော်လည်း အင်တာနက် connection မကောင်းသည့်အတွက် လက်လှမ်းမီမှု မရှိပေ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၇-၉ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်.)

၂.၁၀ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

၂.၁၀.၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာနှင့် (၃)မိုင်အကွာတွင် တယ်လီနော၊ အော်ရီဒူး၊ CDMA တာဝါတိုင်များရှိ
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ လက်လှမ်းမှီမှုမရှိ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ	အရန်မီးသတ် တပ်ဖွဲ့များရှိခြင်း၊ မီးတားလမ်းများ ပြုလုပ်ခြင်း၊ မီးချိတ် မီးကပ် ၊ သဲအိတ် ရေအိတ်များ ပြုလုပ်ထားရှိခြင်းတို့ ဖြစ်ပါသည်။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ဧရပ်ကွင်းနယ်မြေခံရဲစခန်းသည် ကျေးရွာနှင့် (၅)မိုင်အကွာတွင်ရှိပြီး လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပြီး လက်လှမ်းမှီမှု ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော တင်းအချက်အလက်များ (၇-၉ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် (၃)မိုင်အကွာတွင် တယ်လီဖုန်း တာဝါတိုင်များ ရှိသော်လည်း တယ်လီဖုန်း ဆက်သွယ်ရေးကောင်းမွန်မှုမရှိပေ။ တယ်လီဖုန်းဆက်သွယ်ရေးအတွက် အဆင်ပြေရုံသာ ရှိပါသည်။

၂.၁၀.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မူခင်းပြဿနာ ကြီးကြီးမားမားမဖြစ်ဘူးပါ။ တောမီး အန္တရာယ်နှင့်ပတ်သက်၍ အရံမီးသတ်တပ်ဖွဲ့များရှိသော်လည်း သဘာဝဘေးအန္တရာယ်နှင့် ပါတ်သက်ပြီး သင်တန်းများရယူရန် လိုအပ်နေပါသေးသည်။ ကျေးရွာသည် ငလျင်ကြောတွင် ရှိသော ဒေသဖြစ်ပြီး ရှေးဦးသူနာပြုစုခြင်းနှင့် ပါတ်သက်ပြီး ကြက်ခြေနီတပ်ဖွဲ့များ ဖွဲ့ရန် လိုအပ်နေပါသည်။

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ၊ စိန်ခေါ်မှု များ

(က) ကျေးရွာဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာအတွင်း မြစိမ်းရောင်၊ လူငယ်၊ အရံမီး သတ်အဖွဲ့ စသော စွမ်းဆောင်ရည်ရှိသော အဖွဲ့များရှိခြင်း ။ ကျေးရွာတွင်း ပရဟိတစိတ်ရှိပြီး၊ ကျေးရွာဖွံ့ဖြိုးရေးကို တက်ကြွစွာ လုပ်ကိုင်နေသော လူငယ်များရှိခြင်း
၂။ စိုက်ပျိုးရေး (သီးနှံ) တိုးတက် ထုတ်လုပ်ရန် အခြေအနေကောင်း များ	ကျေးရွာတွင် စိုက်ပျိုးမြေ ကောင်း များ ရှိခြင်း။ ကျေးရွာအနီးစီးဆင်းနေသော ချောင်းများမှ စိုက်ပျိုးရေရရှိနိုင်ခြင်း။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်၊ ပလပ်မြေများရှိခြင်း၊ ထုတ်ကုန်စျေးကွက်များရှိခြင်း(ရွှေဘို ၊ မန္တလေး)။ ဆက်သွယ်ရေးချိတ်ဆက်မှု ကောင်းမွန်ခြင်း စိုက်ပျိုးရေး သွင်းအားစုများ အလွယ်တကူ လက်လှမ်းမှီခြင်း ၊ ကျွဲနွားချေး၊ပြောင်း ရိုး၊ မြက်များ ပေါခြင်း (သဘာဝ မြေဩဇာပြုလုပ်ရန်)။ သမ၊ စိုက်ဘဏ်၊ မြစိမ်းရောင်ချေးငွေများ လက်လှမ်းမှီခြင်း
၃။ မွေးမြူရေး တိုးချဲ့မွေးမြူရန် အခြေအနေကောင်းများ	တနိုင်တပိုင်မွေးမြူရေးအတွက် အစာ၊ ရေစာများပေါများခြင်း၊ တိုးချဲ့မွေးမြူရန် အိမ်ခြံမြေနေရာရှိခြင်း။ အဆောက်အဦးအတွက် သစ်ဝါးများပေါများခြင်း။ ဇရပ်ကွင်း၊ ၅မိုင်၊ ၇မိုင်ကျေးရွာများတွင်အမဲဒိုင်၊ ဝက်ဒိုင်များရှိခြင်း။ အနီးအနားရှိ ဇရပ်ကွင်း၊၉မိုင်ကျေးရွာများတွင် တိ/ကုဆရာဝန်များရှိ၍ ကာကွယ်ရေးကုသရေး လက်လှမ်းမှီခြင်း
၄။ လုပ်သားနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ရန် ကုန် ကြမ်းများပေါများခြင်း	ကျေးရွာတွင် အလုပ်လုပ်နိုင်သော လုပ်သား အများအပြားရှိခြင်း။ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် ဥယျာဉ်ခြံထွက် သစ်သီးများပေါများခြင်း။ လက်မှုပညာများ လုပ်ကိုင်နိုင်ရန် သစ်၊ ဝါးကုန်ကြမ်းရနိုင်သော သစ်တောများရှိခြင်း။ လက်မှုပညာ (ထရံယက်၊ တောင်းယက်၊ ပလိုင်းစသည်များ) ယက်လုပ် ရာတွင်ကျွမ်းကျင်ခြင်း)။ မန္တလေး၊ ရွှေဘိုမြို့များသို့ စျေးကွက် လက်လှမ်းမှီခြင်း။ ကျေးရွာတွင် ရေသန့်ရနိုင်သော သဘာဝရေထွက်ပေါက်များရှိ၍ ရေသန့်ထုတ်လုပ်နိုင်ခြင်း
၅။ ပညာရေး တိုးတက်ရန် အခြေ အနေကောင်းများ	ကျေးရွာတွင် မူလတန်းကျောင်းရှိခြင်း။ ကျေးရွာ၏ စာတတ် မြောက်မှုမြင့်မားခြင်း။ ဆရာ/ဆရာမ လုံလောက်စွာရှိခြင်း။ ဝါးဖြူတောင် (၃မိုင်) ဇရပ်ကွင်း (၅မိုင်) တွင် အလယ်တန်း၊အထက်တန်း ကျောင်းများ ရှိခြင်း။ ဆရာမနေအိမ် ဆောက်လုပ်ရန်သစ်ါးများအလွယ်တကူရနိုင်ခြင်း။ ကျေးရွာအတွင်း ကျွမ်းကျင်လက်သမားများရှိနေခြင်း
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	ကျေးရွာတွင် စာကြည့်တိုက်ရှိနေခြင်း။ ဖုန်း၊အင်တာနက် ဆက်သွယ်ရေးလက်လှမ်းမှီခြင်း။ စွမ်းဆောင်ရည်ရှိသောလူငယ်အသင်းအဖွဲ့များရှိခြင်း
၇။ ကျန်းမာရေးအခြေခံ စောင့် ရှောက်မှုအတွက် ဆေးခန်း၊ ဆေးရုံလက်လှမ်းမှီခြင်း	ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၃ မိုင်အကွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းရှိခြင်း။ ကျေးရွာတွင်အရံသားဖွား ၁ ဦးရှိခြင်း။ ဇရပ်ကွင်း၊သပိတ်ကျင်း ဆေးရုံ၊ ခုတင် ၁၀၀စစ်ဆေးရုံရှိခြင်း လက်လှမ်းမှီခြင်း။ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ တစ်လတစ်ခါ ကာကွယ်ဆေးလက်လှမ်းမှီခြင်း

အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
၈။ လျှပ်စစ်စွမ်းအားသွယ်တန်းရန်မဟာဓါတ်အားလိုင်းနှင့် လက်လှမ်းမှီခြင်း	မိုးကုတ်သို့သွယ်တန်းထားသော ဓါတ်အားလိုင်း နယ်မြေခံစစ်တပ်သို့ လျှပ်စစ်လိုင်းသည် ကျေးရွာအတွင်းမှ ဖြတ်သန်းသွား၍ လျှပ်စစ်မီးသွယ်တန်းရန် အလား လာကောင်းခြင်း။ လျှပ်စစ်မီးသွယ်တန်းရန် ကျေးရွာလူထုက ဦးစားပေးလုပ်ငန်း အဖြစ်သတ်မှတ်ခြင်း။ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ခြင်း။
၉။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး	၂၀၁၂ငလျင်ဒဏ် ကြုံတွေ့ဖူး၍ကျေးရွာသူ/သားများရေဒီယိုနားထောင်သော အလေ့အထရှိလာခြင်း။ ကျေးရွာအတွင်း အရံမီးသတ်အဖွဲ့ရှိခြင်း။

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများနှင့် စိန်ခေါ်မှုများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၏ အဟန့်အတား များ၊ စိန်ခေါ်မှုများ

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၁။စီမံအုပ်ချုပ်မှုကဏ္ဍတွင် အဖွဲ့အစည်းများ ချိတ်ဆက်မှုအားနည်းခြင်း	ကျေးရွာအတွင် အဖွဲ့အစည်းများသည် ပူးပေါင်းလုပ် ဆောင်၊ ညှိနှိုင်းဆွေးနွေးခြင်း အလေ့အထ မရှိခြင်း။ ဖွံ့ဖြိုးရေးလုပ်ငန်းထက် မိသားစုစီးပွားရေး၊ အသက်မွေးလုပ်ငန်းများ လုံးပန်းနေရခြင်း။ အုပ်ချုပ်သူအဖွဲ့များသာ လုပ်ရမည်ဟုယူဆနေခြင်း။
၂။စိုက်ပျိုးရေး (သီးနှံ)ထုတ်လုပ် မှုတွင် တောဝက်များဖျက်ဆီးမှုများခြင်း၊ ပုံစံ ၇ ခက်ခဲခြင်း	စိုက်ပျိုးမြေတိုးချဲ့ရန် အရင်းအနှီး၊ နည်းပညာမတတ်နိုင်ခြင်း။ သစ်တောမြေများဖြစ်နေခြင်း။ မြေယာမှတ်ပုံတင် ပုံစံ ၇ ပြုလုပ်ရန် ခက်ခဲခြင်း။ တောဝက်များပေါများ၍ စိုက်ပျိုးသီးနှံများကို ဖျက်ဆီးခြင်း။ မြေယာများကို လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် မျက်စိကျလာခြင်း
၃။ မွေးမြူရေးအသိဗဟုသုတနည်းပါးခြင်း	စားကျက်မြေရှားပါးခြင်း။ မွေးမြူရေး အသိ၊ ဗဟုသုတမရှိခြင်း။ ဝက်မွေးမြူရေး ကို ရှေးယုံကြည် မှုအရ မမွေးမြူကြခြင်း။ ဝက်မွေးမြူလျှင် မဖြစ်ထွန်းဟု ယုံကြည်ခြင်း၊ဘေးအန္တရာယ် ဖြစ်သည်ဟု ယုံကြည်ကြခြင်း
၄။ စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီး၊ နည်းပညာ မရှိခြင်း	ကျေးရွာအခြေပြုလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် နည်းပညာ၊ အရင်းအနှီး၊ စျေးကွက် လက်လှမ်းမမှီခြင်း။ လျှပ်စစ်မီး မရှိခြင်း။ စွန့်ဦးတီထွင် မလုပ်နိုင်ခြင်း
၅။ သားသမီးပညာရေးအတွက် မိဘများဆင်းရဲမွဲတေခြင်း	အလယ်တန်း၊ အထက်တန်းကျောင်းသွားလမ်းသည် တောင်ဆင်းတောင်တက် အကွေ့အကောက်များ၍စက်ဘီး၊ဆိုင်ကယ်အသုံးပြုရန် ကျောင်းသား/သူများအတွက် ခက်ခဲခြင်း။ မိသားစုများ ဆင်းရဲမွဲတေခြင်း။ ကျောင်းပရိဘောဂများ၊ဆရာမနေအိမ်များဆောက်လုပ်ရန် ဦးဆောင်မည့်သူ မရှိခြင်း။ ဝေးလံသော ကျေးရွာများအတွက် လက်လှမ်းမှီနိုင်သော ပညာရေး မူဝါဒများ ပြင်ဆင်နိုင်ခြင်း မရှိခြင်း။(နိုင်ငံတော်အဆင့် မူဝါဒ)
၆။ လူငယ်များ စိတ်ဝင်စားမှုနည်းပါးခြင်း	ကျေးရွာလူထုလူငယ်များသည် စာဖတ်သောအလေ့အထ နည်းပါးခြင်း။ စာဖတ်ရန် အချိန်မပေးနိုင်ခြင်း။ စားဝတ်နေရေးအတွက် ရုန်းကန်နေရ၍ အချိန်မပေးနိုင်ခြင်း။
၇။ အခြေခံကျန်းမာရေးအသိဗဟုသုတနည်းပါးခြင်း	မွေးလူနာများကို အရပ်လက်သည်နှင့် မွေးကြခြင်း။ အခြေခံကျန်းမာရေး ဗဟုသုတနည်းပါးခြင်း။ ကျေးလက်ကျန်းမာရေးဌာနများတွင် ကျန်းမာရေး ဝန်ထမ်း မလုံလောက်ခြင်း။

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၈။ လျှပ်စစ်မီးသွယ်တန်းရန် မတည်ငွေမရှိခြင်း	မီးသွယ်တန်းရန် ငွေကြေးမတည်ငွေ ခက်ခဲခြင်း ။ နယ်မြေခံတပ်ရင်း၊ လျှပ်စစ်လုပ်ငန်းများနှင့်မချိတ်ဆက်နိုင်သေးခြင်း။ ကျေးရွာမတည်ငွေ၊ မရှိသေးခြင်း။ လျှပ်စစ်မီးရရန် ဦးဆောင်ဦးရွက် ပြုမည့်သူမရှိခြင်း။ ကျေးရွာစည်းလုံးညီညွတ်မှုနည်းခြင်း။ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲရန် နည်းပညာ၊ အရင်းအနှီး ခက်ခဲခြင်း။ တစ်ရွာလုံးအတွက် မလုံလောက်ခြင်း (ချောင်းရေအား)
၉။ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးမူဝါဒကောင်းများ လက်လှမ်းမမှီခြင်း	သဘာဝဘေးအန္တရာယ်လျော့ရေး၊ ကြိုတင်ကာကွယ်ရေး မူဝါဒများ အောက်ခြေ သို့ရောက်ရန်ချိတ်ဆက်မှုနည်းပါးခြင်း။ နိုင်ငံတော်အဆင့် DRR အစီအစဉ် ကောင်းမရှိခြင်း။ ကျေးရွာသူသား များ အဓိကသစ်၊ ဝါး ၊ မျှစ်ချိုးခြင်း၊ မီးသွေးဖုတ်ခြင်းကို ဝင်ငွေရလုပ်ငန်းများအဖြစ်လုပ်ကိုင်ရခြင်း။

ဇယား (၄၅) ညောင်ပင်သာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့် နည်းလမ်း
၁။ စီမံအုပ်ချုပ်မှု					
• ကျေးရွာအတွင်းအဖွဲ့အစည်းများကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ချိတ်ဆက်မှုအားနည်းခြင်း	• ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သာဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာအတွင်း လုပ်ငန်းပိုင်းဆိုင်ရာဆွေးနွေး ညှိနှိုင်းမှုမရှိခြင်း။ • ဦးဆောင်ဦးရွက်ပြုသူများသာ လုပ်ဆောင်နေခြင်း • အဖွဲ့အစည်းများတွင် အဖွဲ့ဝင်များလုပ်ငန်းတာဝန်များ မသိခြင်း၊ မရှိခြင်း။ • အဖွဲ့အစည်းဆိုင်ရာရည်ရွယ်ချက်များ ခိုင်မာမှုမရှိခြင်း • တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းခြင်း	• ကျေးရွာအတွင်း စွမ်းဆောင်ရည်ရှိသော အဖွဲ့များရှိခြင်း (မြစိမ်းရောင်၊ လူငယ်၊ အရံမီး သတ်အဖွဲ့) • ကျေးရွာတွင်း ပရဟိတစိတ်ရှိပြီး၊ကျေးရွာဖွံ့ဖြိုးရေးကို တက်ကြွစွာ လုပ်ကိုင်နေသော လူငယ်များရှိခြင်း	• ပူးပေါင်းလုပ်ဆောင်၊ ညှိနှိုင်းဆွေးနွေးခြင်း အလေ့အထမရှိခြင်း။ • ဖွံ့ဖြိုးရေးလုပ်ငန်းထက်မိသားစုစီးပွားရေး၊ အသက်မွေး လုပ်ငန်းများ လုံးပန်းနေရခြင်း • အုပ်ချုပ်သူအဖွဲ့များသာလုပ်ရမည်ဟု ယူဆနေခြင်း	• ကျေးရွာတွင်းအဖွဲ့အစည်းများလုပ်ငန်းစွမ်း ဆောင်မှုမြှင့်တင်ရေးနှင့် စီမံခန့်ခွဲမှုတိုးတက်လာရန်	• ကျေးရွာဖွံ့ ဖြိုးရေးကော်မတီဖွဲ့စည်းရန် • စီမံခန့်ခွဲမှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားများရရှိလာစေရန် ဖန်တီးပေးရန်။ • ဖွံ့ဖြိုးရေးသဘောတရား၊အသိများဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ရန်။

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
၂။ စိုက်ပျိုးရေး (သီးနှံ)					
• သီးနှံအထွက် နှုန်းကျ/ လျော့နည်းလာခြင်း။ (ပဲဇဉ်းငုံ၊ ပြောင်း၊ ဥယျာဉ်ခြံသီးနှံများ)	• ပိုးမွှားရောဂါများကျရောက်ခြင်း • တောဝက်များဖျက်ဆီးမှုများခြင်း • ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများလက်လှမ်းမမှီခြင်း • ဝင်ငွေရသီးနှံများနှစ်ဆက်စိုက်ပျိုးလာခြင်းကြောင့် မြေဆီသြဇာများလျော့ နည်းလာခြင်း • မြေဆီလွှာထိန်းသိမ်းစိုက် ပျိုးနိုင် သောနည်းစနစ် များလက်လှမ်း မမှီခြင်း • အခြားဝင်ငွေကောင်းသော လုပ်ငန်းများပေါများခြင်း (မျှစ်ချိုး၊ မီးသွေးဖုတ်၊ သစ်ါးခုတ်) • အခြားဒေသများသို့သွားရောက်လုပ် ကိုင်ခြင်း (တနိုင်း၊ တောင်ကြီး၊ မိုးကုတ်၊ ဖားကန့်) • လုပ်သားရှားပါးခြင်း	• စိုက်ပျိုးမြေ ကောင်းများ ရှိခြင်း။ • ရေအရင်းအမြစ်များရှိခြင်း • လမ်းပန်းဆက်သွယ်ေး ကောင်း မွန်ခြင်း • စိုက်ပျိုးမြေတိုးချဲ့ရန် မြေ လွတ်၊ ပလပ်မြေများ ရှိခြင်း • ထုတ်ကုန်ဈေးကွက်များရှိခြင်း(ရွှေဘို ၊ မန္တလေး) • စိုက်ပျိုးရေးသွင်းအားစု များလက်လှမ်းမှီခြင်း • ကျွန်းချေး၊ပြောင်းရိုး၊မြက်များပေါခြင်း(သဘာဝမြေဩဇာပြုလုပ်ရန်) • သမ၊ စိုက်ဘဏ်၊ မြစိမ်းရောင်ချေးငွေများလက် လှမ်းမှီခြင်း	• စိုက်ပျိုးမြေတိုးချဲ့ရန် အရင်းအနှီး၊ နည်းပညာ မတတ်နိုင် ခြင်း • မြေယာမှတ်ပုံ တင်ပုံစံ ၇ ပြုလုပ်ရန် ခက်ခဲခြင်း • တောဝက်များဖျက်ဆီးခြင်း • မြေယာများကို လုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံရန် မျက်စိကျလာခြင်း	• စိုက်ပျိုးသီးနှံထုတ်လုပ်မှုတိုးတက်လာစေရန် စိုက်ပျိုးရေးနည်းပညာများ ချိတ်ဆက်လုပ်ဆောင်ရန် • စိုက်ပျိုးမြေများ မြေယာမှတ်ပုံတင်ရှု စိုက်ပျိုးမြေများတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရန် • စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရ နိုင်ရန်	• စိုက်ပျိုးရေးနည်းပညာများ ရရှိအောင်ဆောက်ရွက်ရန် (စိုက်ပျိုးရေး၊ အခြားကုမ္ပဏီ၊ အန်ဂျီအို) • ပုံစံ ၇ ပြုလုပ်ရန် မြေစာရင်းဌာနနှင့် ချိတ်ဆက်ရန် • စိုက်ပျိုးရေးချေးငွေလုံလောက်စွာရရှိရန် (မြစိမ်းရောင်၊ သမ၊ စိုက်ဘဏ်) • မျိုးကောင်းမျိုးသန့်များလက်လှမ်းမှီရန်လုပ်ဆောင်ခြင်း၊ (သုတေသနခြံ၊ ကုမ္ပဏီ) • ထုတ်ကုန်များရောင်းချရန်တောင်သူအသင်းအဖွဲ့များဖွဲ့စည်းခြင်း • ဈေးကွက်ချဲ့ထွင်လုပ်ဆောင်ခြင်း (ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
	• စိုက်ပျိုးရေးချေးငွေများ မလုံလောက်ခြင်း • ထုတ်လုပ်မှုစရိတ်မြင့်မား လာခြင်း				ချိတ်ဆက်ခြင်း
၃။ မွေးမြူရေး					
• မွေးမြူရေးကို ပင်ငွေရလုပ်ငန်းအဖြစ် မမွေးမြူနိုင်ခြင်း	• ကျွဲများတွင် ခွာနာ၊ လျာနာ၊ လည်ချောင်း ကွဲဖြစ်ခြင်း၊ ကြက်လည်လိမ်၊ တန်းကျနာရောဂါများ နှစ်စဉ် ဖြစ်ပွားခြင်း။ • မွေးမြူရေးအသိ၊နည်းပညာမရှိခြင်း • ကျွဲနွားများရောင်းချရန် ဈေးကွက်လက်လှမ်းမမှီခြင်း • မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အရင်းအနှီးမရှိခြင်း • စိုက်ပျိုးရေး၊ အခြားပေါ်ပင်ပင်ငွေရလုပ်ငန်းများကိုသာ မှီခိုကြခြင်း (မျှစ်ချိုး၊ သစ်ဝါးခုတ်) • တိရိစ္ဆာန်များကာကွယ်ကုသရေးအတွက် ဆေးဝါးများရရန် ခက်ခဲခြင်း	• အစာ၊ရေစာများ ပေါများခြင်း • မွေးမြူရန် အိမ်ခြံမြေနေရာရှိခြင်း • သစ်ဝါးများပေါများခြင်း • သမ၊ မြစိမ်းရောင်၊ ချေးငွေအဖွဲ့များနှင့် ချိတ်ဆက်နေခြင်း • ဇရပ်ကွင်း၊ ၅မိုင်၊ ၇မိုင် ကျေးရွာများတွင် အမဲဒိုင်၊ဝက်ဒိုင်များ ရှိခြင်း • အနီးအနားရှိ ဇရပ်ကွင်း၊ ၉မိုင်ကျေးရွာများတွင် တိ/ကုဆရာဝန်များရှိခြင်း	• စားကျက်မြေရှားပါးခြင်း။ • မွေးမြူရေး အသိ၊ဗဟု သုတမရှိခြင်း • ဝက်မွေးမြူရေးကို ရှေးယုံကြည်မှုအရ မမွေးမြူကြခြင်း • ဝက်မွေးမြူလျှင် မဖြစ်ထွန်းဟုယုံကြည်ခြင်း၊ ဘေးအန္တရာယ် ဖြစ်သည်ဟု ယုံကြည်ကြခြင်း	• ကျွဲနွားဝက် ကြက်များကာကွယ်ဆေးလက်လှမ်း မှီရန် လုပ်ဆောင်ရန်။ • တနိုင်တပိုင်မွေးမြူရေးကို ပင်ငွေရလုပ်ငန်းအဖြစ် လုပ်ဆောင်ရန်	• ကျွဲနွားဝက် ကြက် ကာကွယ် ဆေးထိုးနိုင်ရန်တိကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း • အခြေခံမွေးမြူရေးသင်တန်းများရယူခြင်း • မွေးမြူရေး ချေးငွေအစီအစဉ်များမှ လုံလောက်သောချေးငွေ ရရှိရန်လုပ်ဆောင်ခြင်း (နိုင်ငံတော် အဆင့် အသေးစားမွေးမြူရေးမူဝါဒ) • ဒေသတွင်းတွင် ကျွဲနွားပွဲဈေးများ လုပ်ဆောင်ခြင်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
၄။ စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်း များ • ဥယျာဉ်ခြံထွက်သစ်သီး များထုတ်လုပ်မှု များပြီး၊ ဈေး ကောင်း မရခြင်း။ • အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဝင်ငွေတိုး မလုပ်နိုင်ခြင်း၊ အမြတ်နည်းပါး ခြင်း	• ဥယျာဉ်ခြံထွက်သီးနှံ များ အလေအလွင့် များခြင်း၊ • ဈေးနှုန်းအတက်အကျ များခြင်း • ဈေးကွက်အကန့် အသတ်ရှိခြင်း (မန္တလေး၊ ရွှေဘို) • လုပ်သားရှားပါး၍ မခူး ဆွတ်နိုင်ဘဲ အလေအ လွင့်များခြင်း • ကျပန်းသမားများ ပေါ်ပင်အလုပ်များကို သာ စိတ်ဝင်စားခြင်း။ (မျစ်ချိုး၊ သစ်၊ ဝါးခုတ်၊ ရွှေတူး၊ကျောက်မျက် ရှာခြင်း) • လုပ်ငန်းချဲ့ထွင်ရန် အရင်းအနှီး၊ နည်းပညာ မရှိခြင်း	• အလုပ်လုပ်နိုင်သော လုပ်သား အများအပြား ရှိခြင်း။ • ဥယျာဉ်ခြံထွက် သစ်သီး များပေါ များခြင်း။ • လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း။ • သစ်၊ ဝါးကုန်ကြမ်း ရနိုင်သောသစ်တော များရှိခြင်း။ • လက်မှုပညာ (ထရံယက်၊ တောင်းယက်၊ ပလိုင်း၊စသည် များ) ယက်လုပ်ရာတွင် ကျွမ်းကျင်ခြင်း) • ဈေးကွက်လက်လှမ်းမှီခြင်း (မန္တလေး၊ရွှေဘို) • သမ၊မြစိမ်းရောင်ချေးငွေအသင်းများရှိခြင်း • ကျေးရွာတွင် ရေသန့် ရနိုင် သော သဘာဝ ရေထွက်ပေါက်များ ရှိခြင်း	• နည်းပညာ၊အရင်းအနှီး၊ဈေးကွက်လက်လှမ်း မမှီခြင်း။ • လျှပ်စစ်မီး မရှိခြင်း • စွန့် ဦးတီထွင် မလုပ်နိုင်ခြင်း	• တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ဝင်ငွေတိုးလာစေရန် • ဒေသထွက်ကုန်ကြမ်းများကို ကုန်ချော ထုတ်လုပ်၍ အလုပ်အကိုင်အခွင့် အလမ်းများ ပေါများလာရန်	• တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေးလုပ်ဆောင်ခြင်း (အသေးစားစက်မှုလက်မှုလုပ်ငန်း၊ အိမ် တွင်းစက်မှုလက်မှုလုပ်ငန်း၊ ကျေးလက်၊ စားသောက်ကုန်လုပ်ငန်း၊ လုပ်ငန်းရှင်များ ချိတ်ဆက်ရန်) ✓တန်ဖိုးမြှင့်ထုတ်လုပ်ရန် နည်းပညာ (သစ်သီးယိုစုံ၊ သစ်သီးစုံချိုရည်၊ မျစ်ချဉ်၊ မျစ်ခြောက်) • အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ(သစ်ဝါးအခြေခံ၊တောင်းပလိုင်း၊ စကော၊ စကာ၊ ထရံ၊ ဝါးတူ စသည်များ) တိုးမြှင့်ချိတ်ဆက်လုပ်ဆောင်ခြင်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
					• ရေသန့်ထုတ်လုပ်ရေး လုပ်ဆောင်ခြင်း (ရေသန့်စက်ရုံ၊ လုပ်ငန်းရှင်များကို ချိတ်ဆက်ခြင်း)
၅။ ပညာရေး					
• ကျောင်းသားသူများ ပညာရေးရရှိမှု အားနည်းခြင်း	• ကျေးရွာမူလတန်းကျောင်းတွင်ဆရာ/ဆရာမမမြဲ၍ကျေးရွာတွင်းဘွဲ့ရများကိုခန့်၍ သင်ကြားသဖြင့် ကျောင်းသား/ သူများ အခြေခံနည်းပါးခြင်း • ဆရာ/ဆရာမ မလုံလောက်ခြင်း • သင်ထောက်ကူပစ္စည်းမလုံလောက်ခြင်း။ • မူလတန်းတွင်အခြေခံနည်း၍ အလယ်တန်း၊ အထက်တန်းများတွင် စာမလိုက်နိုင်ခြင်း • ခရီးကွာဝေးလွန်ခြင်း (၃မိုင်မှ ၅ မိုင်) • သွားရေးလာရေး အန္တရာယ်များခြင်း	• မူလတန်းကျောင်းရှိခြင်း • ကျေးရွာစာတတ်မြောက်မှုမြင့်မားခြင်း • ဆရာ/ဆရာမ ၅ဦးရှိခြင်း • ဝါးဖြူတောင် (၃မိုင်) ဇရပ်ကွင်း (၅မိုင်) တွင် အလယ်တန်း၊ အထက်တန်းကျောင်းများရှိခြင်း • ဆရာမနေအိမ်ဆောက်လုပ်ရန် သစ်ဝါးများ အလွယ်တကူရနိုင်ခြင်း • ကျေးရွာအတွင်း ကျွမ်းကျင်လက်သမားများရှိနေခြင်း	• အလယ်တန်း၊အထက်တန်းကျောင်းသွားလမ်းသည်တောင်ဆင်းတောင်တက်အကွေ့အကောက်များ၍ စက်ဘီး၊ဆိုင်ကယ် အသုံးပြုရန် ခက်ခဲခြင်း • ဆင်းရဲမွဲတေခြင်း • ကျောင်းပရိဘောဂများ၊ ဆရာမနေအိမ်များ ဆောက်လုပ်ရန်ဦးဆောင် မည့်သူမရှိခြင်း • ဝေးလံသောကျေးရွာများအတွက်လက်လှမ်းမှီနိုင်သော ပညာရေးမူဝါဒများ ပြင်ဆင်နိုင်ခြင်း မရှိခြင်း။ (နိုင်ငံတော်အဆင့် မူဝါဒ)	• အလယ်တန်း၊အထက်တန်းပညာရေးကျောင်းတက်နှုန်း မြင့်မားရန် • သင်ထောက်ကူပစ္စည်းများလုံလောက်ရန်လုပ်ဆောင်ခြင်း	• မိဘဆရာအသင်း၊ ကျေးရွာပညာရေးတိုးတက်ရေးကော်မတီဖွဲ့စည်းရန်၊ • ကျေးရွာအစီအစဉ်ဖြင့် ကျောင်းကားများစီစဉ်လုပ်ဆောင်ရန် (လိုက်ထရပ်၊သုံးဘီးဆိုင်ကယ်) • သင်ထောက်ကူပစ္စည်းများ၊ ပြည့်စုံရန် ပညာရေးဌာနများသို့ပညာရေးကော်မတီနှင့် ကျောင်းအုပ်ဆရာမတို့ပင်၍ လုပ်ဆောင်ရန်။

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
					• ဆရာမနေအိမ် ဆောက်လုပ်ရန် ကျေးရွာ ရံပုံငွေ ကောက်ခံခြင်း
၆။ ကျန်းမာရေး၊ • အခြေခံကျန်းမာရေး စောင့် ရှောက်ရေး ဝန် ဆောင်မှုအား နည်းခြင်း	• ကျေးရွာတွင်း ကျေးလက် ဆေးခန်း မရှိခြင်း • အရေးတကြီးလို အပ်ချိန်တွင် အလွယ် တကူ ကျန်းမာရေး ဝန်ဆောင်မှုမရခြင်း • ဆင်းရဲမွဲတေခြင်း	• ၃ မိုင်အကွာတွင် ကျေးလက်ကျန်းမာ ရေးဆေးခန်းရှိခြင်း • ကျေးရွာတွင်အရံသား ဖွား ၁ ဦးရှိခြင်း။ • ဇရပ်ကွင်း၊သပိတ် ကျင်းဆေးရုံ၊ ခုတင် ၁၀၀ စစ်ဆေးရုံရှိခြင်း လက်လှမ်းမှီခြင်း • ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ တစ်လတစ်ခါ ကာကွယ်ဆေးလက် လှမ်း မှီခြင်း	• မွေးလူနာများကို အရပ်လက်သည်နှင့် မွေးကြခြင်း • အခြေခံကျန်းမာရေး ဗဟုသုတနည်းပါး ခြင်း • ကျေးလက်ကျန်းမာ ရေးဌာနများတွင် ကျန်းမာရေး ဝန်ထမ်း မလုံလောက်ခြင်း	• အခြေခံကျန်းမာ ရေး စောင့်ရှောက် မှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိလာရေး လုပ် ဆောင်ရန်	• လူနာတင်ယာဉ်များ တည်ထောင်ရန် ကျေးရွာအတွင်း စည်းရုံးခြင်း၊ လုပ် ငန်းရှင်များတွင် အလှူခံခြင်းများ လုပ်ဆောင်ခြင်း) • ကျန်းမာရေးအသိ ပညာများဟော ပြောဆွေးနွေးခြင်း များ လုပ်ဆောင် ရန်။ (ကျန်းမာရေး၊ အခြားကျန်းမာရေး အန်ဂျီအိုများယူနီ ဆက်) • ကျေးလက်ကျန်း မာရေး ဆေးခန်း များတွင်လုံလောက် သော ကျန်းမာရေး ဝန်ထမ်းများ ခန့်ထားရန်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
၇။ **လူငယ်နှင့် ယဉ်ကျေးမှု** • လူငယ်လူရွယ်များစာပေ ဗဟုသုတလက်လှမ်းရန် ဆောင်ရွက်မှုအားနည်းခြင်း	• စာကြည့်တိုက် ရှိသော်လည်းမလည်ပတ်နိုင်ခြင်း • စာအုပ်စာပေများ၊ ပရိဘောဂများ မရှိခြင်း။ • ဦးဆောင်ဦးရွက်ပြုမည့်သူမရှိခြင်း။ • စာကြည့်တိုက်ကို ကျောင်းဆရာမများ ယာယီနေထိုင်နေခြင်း။ • စာကြည့်တိုက်တွင် စာအုပ်စာပေများ နေ့စဉ်လစဉ်ရရှိအောင် မလုပ်ဆောင်ကြခြင်း	• စာကြည့်တိုက်ရှိနေခြင်း။ • ဖုန်း၊အင်တာနက် ဆက်သွယ်ရေးလက်လှမ်းမှီခြင်း။ • စွမ်းဆောင်ရည်ရှိသော လူငယ်အသင်းအဖွဲ့များရှိခြင်း	• စာဖတ်သောအလေ့အထနည်းပါးခြင်း။ • စာဖတ်ရန်အချိန်မပေးနိုင်ခြင်း။ • စားဝတ်နေရေးအတွက် ရုန်းကန်နေရခြင်း • လျှပ်စစ်မီး မရရှိခြင်း	လူငယ်များစာပေ ဗဟုသုတလက်လှမ်းမီရန် စာဖတ်သောအလေ့အထဖြစ်ထွန်းစေရန်	• စာကြည့်တိုက်အသင်းဖွဲ့စည်းခြင်း • စာအုပ်စာပေများ၊ ပရိဘောဂများ ပြည့်စုံရန် ဆောင်ရွက်ခြင်း (ပြန်/ဆက်ဌာန) • စာအုပ်စာပေများစုဆောင်းခြင်း၊ အပတ်စဉ်သတင်းဂျာနယ်များ ဝယ်ခြင်း • စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ လုပ် ဆောင်ခြင်း • စာဖတ်ရန်အလေ့အထထွန်းကားရန် အသိနှိုးဆော်ခြင်း • ယဉ်ကျေးလိမ္မာ၊ ဓမ္မစကူးလ်သင်တန်းများ လုပ်ဆောင်ခြင်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
၇။ လျှပ်စစ်မီး လျှပ်စစ်မီးမရရှိသေးခြင်း။	• ကျေးရွာအိမ်ထောင်စုများဆင်းရဲခြင်း • ရေအားလျှပ်စစ်အသုံးပြုရာတွင် ခက်ခဲခြင်း (နည်းပညာ၊ အရင်းအနှီး)	• မိုးကုတ်သို့သွယ်တန်းထားသော ဓါတ်အားလိုင်းနယ်မြေခံစစ်တပ်သို့ လျှပ်စစ်လိုင်းသည် ကျေးရွာအတွင်းမှ ဖြတ်သန်းသွားခြင်း • ကျေးရွာလူထုက ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း • ရေအားလျှပ်စစ်ထုတ်ယူ သုံးစွဲနိုင်ခြင်း	• မီးသွယ်တန်းရန် ငွေကြေး မတည်ငွေခက်ခဲခြင်း • နယ်မြေခံတပ်ရင်း၊ လျှပ်စစ်လုပ်ငန်းများနှင့်မချိတ်ဆက်နိုင်သေးခြင်း • ကျေးရွာမတည်ငွေ၊ မရှိသေးခြင်း • လျှပ်စစ်မီးရရန် ဦးဆောင် ဦးရွက် ပြုမည့် သူမရှိခြင်း • ကျေးရွာစည်းလုံးညီညွတ်မှုနည်းခြင်း • ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲရန် နည်းပညာ၊အရင်းအနှီးခက်ခဲခြင်း • တစ်ရွာလုံးအတွက် မလုံလောက်ခြင်း (ချောင်းရေအား)	• ကျေးရွာအိမ်ထောင်စုများ လျှပ် စစ်မီး သုံးစွဲနိုင်ရန် ချိတ်ဆက် လုပ်ဆောင်ရန်	• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းခြင်း • ကျေးရွာမီးလင်းရေးအတွက်မတည်ငွေရုံပုံငွေကောက်ခံခြင်း • လျှပ်စစ်မီးရရှိရန် ကျေးလက်ဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် (မတည်ငွေ) • နယ်မြေခံတပ်ရင်း၊ ကို လျှပ်စစ်မီးသွယ်တန်းနိုင်ရန် စာတင်ပြတောင်းဆိုရန်။
၉။ သဘာဝဘေးအန္တရာယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး • သဘာဝဘေးအန္တရာယ်	• စစ်ကိုင်းပြတ်ရွှေကြိုတွင် ပါသောကြောင့် ငလျင်မကြာခဏလှုပ်ခတ်ခြင်း။	• ၂၀၁၂ငလျင်ဒဏ် ကြုံတွေ့ဖူး၍ကျေးရွာသူ/သားများရေဒီယိုနားထောင်သော အလေ့	• သဘာဝဘေးအန္တရာယ်လျော့ရေး၊ ကြိုတင်ကာကွယ်ရေးမူဝါဒများ အောက်ခြေ	• သဘာဝဘေးအန္တရာယ် လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊သဘာဝပတ်	• သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေးသဘာဝ

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
လျော့ချရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိနည်းပါးခြင်း။ • သစ်တောပြုန်းတီးလာခြင်း။	• သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအမံများမရှိခြင်း။ • ကြိုတင်ကာကွယ်ရေး၊ချိတ်ဆက်မည့် ဌာနများ၊ မသိခြင်း၊ မိုးလေဝသ သတင်းမရခြင်း။ • သစ်၊ ဝါးများ ခုတ်ခြင်း၊ မီးသွေးဖုတ်လုပ်ငန်းများ အဓိကလုပ်ကိုင်ခြင်း။ • ချက်ရေးပြုတ်ရေးတွင် လည်းထင်းလောင်စာကိုသာ အဓိက သုံးစွဲခြင်း။	အထရှိလာခြင်း။ • ကျေးရွာအတွင်း အရံမီးသတ်အဖွဲ့၊ ရှိခြင်း။	သို့ရောက်ရန်ချိတ်ဆက်မှုနည်းပါးခြင်း • နိုင်ငံတော် အဆင့် DRR အစီအစဉ် ကောင်းမရှိခြင်း။ • ကျေးရွာသူသား များအဓိကသစ်၊ဝါး၊ မျစ်ချိုးခြင်း၊မီးသွေးဖုတ်ခြင်းကို ဝင်ငွေရလုပ်ငန်းများအဖြစ် လုပ်ကိုင်ရခြင်း။	ဝန်းကျင်ထိန်းသိမ်းရေးဗဟုသုတများ ရလာစေရန် (သစ်တော၊သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊အခြားသဘာဝပတ်ဝန်းကျင်အရပ်ဖက်အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ရန်)	ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းသင်တန်းများ၊ လုပ်ငန်းများရရှိရန် လုပ်ဆောင်ခြင်း (သစ်တော၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊အခြားအန်ဂျီအိုများ) • သဘာဝဘေးအန္တရာယ်လျော့ချရေးအဖွဲ့များဖွဲ့စည်းရန်။ • Early Warning System မိုးလေဝသ၊ ငလျင်သတင်းများ ရရှိရန် လုပ်ဆောင်ခြင်း (မိုးဇလ) • ကျေးရွာသဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ် များရေးဆွဲခြင်း • သစ်၊ ဝါး၊ခုတ်ခြင်း မီးသွေးဖုတ်ခြင်းသည် သစ်တော

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား	စီမံချက်	ဖြေရှင်းနိုင်သည့်နည်းလမ်း
					ပြုန်းတီးခြင်းကို ဖြစ်နိုင်ကြောင်းကို ကျေးရွာသူ/သားများအား အသိပေးရန် • ကျေးရွာပိုင်ထင်းသစ်တော၊ (Community Forest) တည်ထောင်ရန်။

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……..(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ